ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (20-8-2006) (၅၀၅၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၀၆ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတ မစ္စတာ လာဇလို၊ ဆိုလီယာမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သံလွင်မြစ်ကူးတံတား(တာကော်) ကြိုးခိုင်ကောင်းမွန်မှုနှင့် တာကော်–မိုင်းပျဉ်းလမ်း ချဲ့ထွင်ပြင်ဆင်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၆ရက် မွန်းလွဲပိုင်းတွင် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်နယ်မြေ ကွန်ဟိန်းတပ်နယ် တာကော်နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး သံလွင်ခန်းမ၌ နယ်မြေခံ တပ်ရင်းမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စစ်သည်၊ မိသားစုဝင်များ သက်သာချောင်ချိမှုရှိရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အလေးထား ဆောင်ရွက်ကြရေး၊ တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးလုပ်ငန်းများ ပိုမို အောင်မြင်အောင် ဆောင်ရွက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ စွမ်းရည် သုံးရပ်ပြည့်စုံပြီး တပ်တည်ဆောက်ရေး တာဝန်ကြီးလေးရပ် အောင်မြင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် တာကော်–မိုင်းပျဉ်း–ကျိုင်းတုံ ပြည်ထောင်စုကားလမ်းမကြီး တာကော်–မိုင်းပျဉ်းလမ်းရှိ လမ်းတံတားအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာ လာရာ မိုင်တိုင်အမှတ်(၂၈၃/၄)ရှိ သံလွင်မြစ်ကူးတံတား(တာကော်)သို့ ရောက်ရှိ ကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် သံလွင်မြစ်ကူးတံတား (တာကော်) တံတားကြိုးခိုင်ကောင်းမွန်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား **စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယနေ့မိုးလေဝသ

၂၀–၈–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောလျင်စွာပြီးစီးရေး မှာကြား

ရန်ကုန် ဩဂုတ် ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ကမာကြည်လမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ငမိုးရိပ်တံတား(ကမာကြည်)အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့်အတူ ညနေ ၃နာရီတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

(20-8)01.P65 1 1/1/32, 2:25 PM

ကြေးမုံ
The Mirror

၂၀–၈–၂၀၀၆
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်တော်ယာဉ်များ စီအင်န်ဂျီဖြည့်သွင်းရန် စောင့်ဆိုင်းရခြင်းကြောင့် ယာဉ်များပုံမှန်ပြေးဆွဲနိုင်ရန် ယာဉ်လိုင်းများနှင့် ကျောင်းကြို/ပို့ယာဉ်များကို နေ့စဉ်ဆီဂါလန် ၃၀၀ကျော်အပိုဆောင်းပေးထားမည်

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းအတွင်း စီအင်န်ဂျီပြောင်းလဲရန် ကျန်ရှိသည့် ယာဉ်လိုင်းများမှ (ခ)လိုင်စင် မော်တော်ယာဉ်များကို စီအင်န်ဂျီပြောင်းလဲတပ်ဆင်နိုင်ရန် သတ်မှတ်ချက်များ အပေါ်မူတည်၍ တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ မော်တော်ယာဉ်များ စီအင်န်ဂျီဖြည့်သွင်းရန် စောင့်ဆိုင်းရခြင်းကြောင့် ယာဉ်များ ပုံမှန်ပြေးဆွဲနိုင်ရေးအတွက် ယာဉ်လိုင်းများနှင့် ကျောင်းကြို/ပို့ယာဉ်များကို နေ့စဉ် ဆီဂါလန် ၃၀၀ ကျော် အပို ဆောင်းပေးထားမည်ဖြစ်ရာ စီအင်န်ဂျီဆိုင်များ များပြားလာပြီး ဆီထည့်မှုစနစ် မြန်ဆန်လာပါက အပိုဆောင်းပေးထားသော ဆီများကို တဖြည်းဖြည်းလျှော့ချသွားရန်၊ စီအင်န်ဂျီဆိုင်များနှင့် အန္တရာယ်ရှိသော နေရာများတွင် သတိပေးအချက်ပြမီးဝါ တပ်ဆင်ရန်၊ဆီဖြည့်သွင်းချိန်တွင် စည်းကမ်းစနစ်တကျရှိရေး တာဝန်ရှိသူများနှင့် ယာဉ်လိုင်း တာဝန်ခံတို့က ကြပ်မတ်ထိန်းသိမ်းကြရန်၊ တက္ကသိုလ်၊ ကောလိပ်၊ စာမေးပွဲကျင်းပနေသည့် ကာလအတွင်း ကြိုပို့ယာဉ်များ အချိန်မှန်ရောက်ရှိရေး၊ ယာဉ်အရေအတွက် အပြည့်အဝရရှိရေး၊ လျှပ်စစ်မီး အချိန်ပြည့်ရရှိစေရေး၊ ယာဉ်အန္တရာယ် မဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ကြရန်၊ မြို့တွင်းယာဉ်များ မောင်းနှင်ရာတွင် စက်ဖုံးများဖွင့်၍ မောင်းနှင်ခြင်း၊ တံခါးပေါက်ဖွင့်၍ မောင်းနှင်ခြင်းမရှိအောင် ကြပ်မတ်စစ်ဆေးကြရန်၊ စတစ်ကာကပ်သည့် မော်တော်ယာဉ်များကို စိစစ်အရေးယူရန်၊ တတိယအကြိမ် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးပြပွဲ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်အောင် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီကြရန်၊ မီးရထားလမ်းများအစဉ်ကောင်းမွန်စေရေး၊ အဝေးပြေးယာဉ်လိုင်း များမှ ယာဉ်လက်မှတ်မှောင်ခိုမှုနှင့် မသမာမှုမဖြစ်စေရေး ကြပ်မတ်စစ်ဆေးကြရန် ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်း ဥက္ကဋ္ဌများက တက္ကသိုလ်၊ ကောလိပ်ကြို/ပို့ယာဉ်လိုင်းများဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များအား စီအင်ဂျီဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)

ကျောင်းကျန်းမာရေးပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၈ရက် နံနက်က အထက(၃)ကျောင်းခန်းမတွင်ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းက ကျောင်းကျန်းမာရေး ပညာပေးဟောပြောသည်။ **(အပေါ်ပုံ)**

မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၁၆၀၀ကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်က ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌဒေါ်နန်းရွှေယဉ်သို့ ပေးအပ်ပြီး ကျောင်းသူလေးများက ကျန်းမာရေး ပညာပေး တစ်ခန်းရပ် ပြဇာတ်ဖြင့် တင်ဆက်ဖျော်ဖြေကြသည်။ (၃၂)

လန်ဒန်မြို့ မိုးကုတ် ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်ထံ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်၊ချယ်ရီလမ်းနေ မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္ဘာလှည့် ဒေါ်တင်တင်စိန်က ငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းစဉ်။ (က–ပ)

စားသုံးဆီအတွက် အထွက်ကောင်းမြေပဲမျိုးများ ပိုမိုစိုက်ပျိုး

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းအပေါ် အခြေခံထားသည်ဖြစ်ရာ လယ်ယာကဏ္ဍတွင် စိုက်ပျိုးမြေဧရိယာ တိုးချဲ့ပြီး စပါးနှင့်အခြားသီးနှံများ၏ တစ်ဧကအထွက်နှုန်း ကောင်းမွန်ရေး အတွက် ခေတ်မီစိုက်နည်းစနစ်နှင့် နည်းပညာများကို အသုံးပြုလျက်ရှိသည်။

နိုင်ငံတစ်ဝန်း စားသုံးဆီဖူလုံရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်း၊ ဆူးပန်းနှင့် ပဲပုပ်တို့ကို စိုက်ပျိုးလျက်ရှိရာ ဆီအထွက် ပိဿာသန်း ၃၀၀ ကျော် ထွက်ရှိနေသည်။ အဆိုပါ ဆီထွက်သီးနှံများအနက် မြေပဲနှင့် နှမ်းကို အများဆုံးစိုက်ပျိုးလျက်ရှိသည်။

ပြည်တွင်းဆီ စားသုံးမှုမှာ လူတစ်ဦးလျှင် တစ်နှစ်ပျမ်းမျှခြောက်ပိဿာခန့်ရှိရာ လက်ရှိလူဦးရေအတွက် စားသုံးဆီ ပိဿာသန်း ၃၃၀ခန့် လိုအပ်ကြောင်းသိရသည်။

၂၀၀၅–၂၀၀၆ ခုနှစ်က မိုးမြေပဲဧက ခုနစ်သိန်းကျော်နှင့် ဆောင်းမြေပဲဧက ဆယ်သိန်းကျော် စိုက်ပျိုးခဲ့ရာ မြေပဲစိုက် ဧကစုစုပေါင်း ၁၈သိန်းကျော်ရှိပြီး တင်းသိန်းပေါင်း ၉၀၀ ကျော် ထွက်ရှိခဲ့ကြောင်းသိရသည်။

စိုက်ပျိုးရေးသုတေသနလုပ်ငန်းများမှ တစ်ဧက အထွက်နှုန်းကောင်း သီးနှံမျိုးသစ်များ ထုတ်လုပ်ပေးလျက်ရှိရာတွင် မြေပဲလည်း အပါအဝင်ဖြစ်သည်။ မြေပဲမျိုးသစ်များ ရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပမျိုးများ စမ်းသပ်ခြင်း၊ မျိုးကူးစပ် ရွေးချယ်ခြင်း၊ ပိုးမွှားဒဏ်ခံနိုင်ရည်ရှိမှုစမ်းသပ်ခြင်း လုပ်ငန်းများကို ရေဆင်းဇဟိုစိုက်ပျိုးရေးသုတေသန၊ မကွေး၊ ညောင်ဦးနှင့်မြင်းခြံမြို့တို့ရှိ သုတေသနခြံများနှင့် တောင်သူများ၏ စိုက်ကွက်များတွင် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ စိုက်ပျိုးရေးသုတေသနဌာနများမှ အထွက်ကောင်းမြေပဲမျိုးများ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးမှုများ နှင့်အတူ တောင်သူများက မြေပဲများ တိုးချဲ့စိုက်ပျိုးနေကြပြီဖြစ်သည်။ စိုက်ပျိုးရေးနည်းပညာ ပြောင်းလဲ၍ တစ်ဧက အပင်အရေအတွက် ပြည့်မီစွာစိုက်ပျိုးခြင်း၊ မြေပဲတောင့် အောင်မြင်စေမည့် ကျောက်မှုန့်မြေဩဇာများ သုံးစွဲလာခြင်း၊ ပိုးမွှားရောဂါများ ပိုမိုကာကွယ်လာနိုင်ခြင်းတို့ကြောင့် မြေပဲအထွက်နှုန်း နှစ်စဉ် တိုးတက်လာလျက်ရှိသည်။

မြေပဲဆီသည် ကျန်းမာရေးအတွက် စားသုံးရန်သင့်တော်သည့်အပြင် ဘက်စုံသုံးစွဲနိုင်ခြင်း၊ လူတိုင်း ကြိုက်နှစ်သက်စွာ ပိုမိုစားသုံးလာခြင်းတို့ကြောင့် မြေပဲကို ပိုမို စိုက်ပျိုးလျက်ရှိကြသည်။ တောင်သူများအနေဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဖြန့်ဖြူးသည့် အထွက်ကောင်း မြေပဲမျိုးများကိုအသုံးပြုပြီး ခေတ်မီစိုက်ပျိုးရေးနည်းပညာပေးမှုများနှင့်အညီ စနစ်တကျ တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် ပြည်တွင်း၌ စားသုံးဆီများ ဖူလုံပိုလျှံစွာ ထွက်ရှိလာမည်ဖြစ်ပါသည်။ ။

နှစ်ဖက်မိဘများအား အမှူးထား၍ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဓမ္မစေတီလမ်းနေ မောင်တင်ထွန်း–မမြင့်မိုရ်ဝင်း၊ သား–မောင်မိုးသုခ၊ မောင်ထွန်းဦးဝေယံ မိသားစုက ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ် တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

မြန်မာ့တိုင်းရင်းဆေးအကြောင်း တစေ့တစောင်း

အောင်ကျော်ဆန်း(MRCS)

"လေညှင်းထန်
မြစ်ယံက တိုး---။
ရှိန်းခို တောင်ကြာဦး
ကျူးဆင်ချိမိုး---။"

မိုးဘွဲ့ ကဗျာကလေးတစ်ပုဒ်ကို လှပစွာ ဖွဲ့နွဲ့ထားသည်ဟု စာဖတ်သူတို့ ထင်ကောင်းထင်နိုင်ကြပါသည်။ စင်စစ် မိုးဘွဲ့ကဗျာတစ်ပုဒ် မဟုတ်ပါ။ အလောသုံးဆယ် ဖတ်မိသဖြင့် ကဗျာလေးတစ်ပုဒ်ဟု ထင်မှတ်မှားစရာ မြန်မာ့ဆေးအမယ် တစ်စုသာဖြစ်ပါသည်။ ယင်းတို့မှာ **"လေးညှင်း၊ ထန်းမြစ်၊ ယမ်း၊ ကတိုး၊ ရှိန်းခို၊ တောင်ကြာဥ၊ ကျူးဆင်ချေးမှို"** တို့ဖြစ်ကြပါသည်။

မြန်မာ့သမားတော်ကြီးများ၏ ကုထုံးများမှာ လွန်စွာ ပညာသားပါ၍ စိတ်ဝင်စားဖွယ် ကောင်းလှသည်။ မေတ္တာ၊ ကရုဏာ၊ အကြင်နာ၊ စေတနာတို့ဖြင့် လူနာအား ပြုစုယုယ ကုသခြင်းသည်ပင်လျှင် အခြားခေတ်မီဆေးကုထုံးများ တုမမီနိုင်သော ပညာရပ်ဟု ဆိုချင်ပါသည်။ **"ကတိုးရယ်တဲ့ ဖုံးမသိန် ကျောက်ပျဉ်မှာ အသာသွေးလို့ရယ်၊ တစ်ရွေးစီတဲ့ ခပ်ကာချိန်"** ၎င်းမှာ နူးညံ့သိမ်မွေ့သော "စိတ်ဝေဒနာရှင် ကုထုံးတစ်ရပ်" ဖြစ်ပါသည်။ "လူနာကို ဆေးမပေး၊ တေးကလေးနှင့် ပျောက်သည်"ဟု ရာဇဝင်တွင်လောက်သည့် ပွဲတွေ့ကုထုံးဟု သမားအိုကြီးများထံမှ လေ့လာမှတ်သားခဲ့ရပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် အလွန်နက်နဲသိမ်မွေ့သော မိရိုးဖလာ ပညာရပ် တစ်ရပ်ဖြစ်သည်။ ကဗျာလင်္ကာများ ရွတ်ဆိုသည်ကို ကြားရုံမျှဖြင့် လူနာမှာ ရောဂါတစ်ဝက် သက်သာသည်။ အချို့ဆေးလင်္ကာများမှာ ပညာသားပါသလောက် ရယ်ရွှန်းဖတ်ရွှန်းများလည်း ပါသည်။ လွန်စွာစိတ်ဝင်စားဖွယ်ကောင်းသည်။ မြန်မာပညာရှင် စလေဆရာကြီးဦးပုည၏ နွားတစ်ကောင်လုံး အသုံးချနည်းလင်္ကာတွင် "မီးတွင်းမိန်းမ၊ နို့မရ၍ သားကတစာစာ၊ မာတာကြုံလို့၊ နို့ရည်မလိုက်၊ ရှိသည်ခိုက်တွင်၊ ပြောလိုက်မည်အပြီး၊ သည်နွားမြီးကို၊ မီးဖုတ်ချက်ချင်း၊ တောက်တောက်စဉ်း၍၊ ဟင်းခါးလည်းချက်၊ ကြောင်ပန်းရွက်နှင့်၊ နို့ပျက်မိန်းမ၊ သောက်လိုက်ရလျှင်၊ နို့လုံးရွှင်သည်...."ဟု လင်္ကာဖွဲ့ဆိုသည်။ ကလေးလေဆေး ရှေးရေးလင်္ကာကလေးကိုလည်း ဖော်ပြလိုပါသေးသည်။ ယင်းမှာ "ကြာဟင်း လင်းနေ ကြောင်ပန်းရွက် ဆားစမုန်နက် ကြက်သွန်ဖြူ ဘုမ္မရာဇာ အမှုလောင်း ပေါင်းအမှုယူ လေတံကျင်နဲ့ လေတံချူ နေပူပူဖျော်၍ပေး၊ လေလုံးကြီး၍ ရင်လုံးကယ်လျှင် လေမျိုးရှစ်ဆယ် အနာပျောက် အီးပေါက်တဲ့ဆေး" ဟူသော လင်္ကာဖြစ်ပါသည်။

ယင်းကလေး လေဆေးမှာ ပွဲတွေ့ဆေးကျော်ဖြစ်၍ ရှေးသမားတော် အစဉ်အဆက် လက်သုံးထားကြသည်။ ဘိုးဘေးအစဉ်အဆက် မြန်မာ့တိုင်းရင်းဆေးပညာသည် ထူးခြားလေးနက်၍ အစွမ်းထက်လှသည်။ သွေးစမ်းကြည့်ရုံမျှဖြင့် ကိုယ်တွင်းရောဂါ ဝေဒနာတို့ကို ချက်ချင်းပြောနိုင်သည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က ပုသိမ်အရှေ့ပိုင်းနယ်တစ်လွှားတွင် ဦးရွှဲဆိုသည့် ဆေးဆရာကြီးတစ်ဦး ရှိခဲ့ဖူးသည်။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ပြည့်စုံသည်။ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ရောဂါကုထုံးကျမ်း၊ ဗေဒင်ကျမ်းနှင့် ဆန်းကျမ်းတို့၌ ကျွမ်းကျင်လိမ္မာသည်။ ဆေးစွမ်းထက်သလောက် ရောဂါပျောက်သဖြင့်လည်း နယ်လေးရပ်တွင် ပျံ့နှံ့ကျော်ကြား တစ်နယ်လုံး အားထားကြသည်။

သမားတော်ကြီး ဆရာဇီဝကမှ အစပြု၍ နန်းတွင်းသမားတော်များ၊ မြန်မာနိုင်ငံတစ်လွှား ထင်ရှားသော သမားတော်ကြီးများမှာလည်း ထူးခြားဆန်းပြား၊ ခက်ခဲနက်နဲကာ အဆင့်အတန်း မြင့်မားလှသော ကုထုံးများစွာရှိခဲ့ပါသည်။ အနောက်တိုင်း ဆေးပညာရပ်များစွာသည် မြန်မာ့တိုင်းရင်းဆေးပညာထက် သိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်မှုကြောင့် အချို့နည်းပညာ သာလွန်ကောင်း သာနိုင်သော်လည်း ကုသရေးတွင် နည်းပရိယာယ် ကြွယ်ဝမှုနှင့် ဆင်ခြင်တုံတရား မြင့်မားစွာ ကြံဆမှုတို့၌မူ တုမမီနိုင်ဟု ထင်မြင်ယူမိပေသည်။

အထက်အဆိုပါ ဆရာကြီးဦးရွှဲ၏တပည့် ဆေးဆရာကြီး ဦးထွန်းခိုင်အား "အနောက်တိုင်းဆေးပညာရှင်တွေလို နားကြပ်တွေ၊ သွေးစမ်းကိရိယာတွေ၊ ဓာတ်ခွဲတာတွေမရှိဘဲ ရောဂါဝေဒနာမှန်းဆတာ မှန်နိုင်ပါ့မလား အဘိုးရဲ့"ဟု ကျွန်တော် စောဒကတက်လေရာ အဘိုး ဆရာကြီးက သွေးစမ်းစရာမလို၊ နားကြပ်ကိုင်စရာမလို၊ ဓာတ်ခွဲ စမ်းသပ်စရာမလိုဘဲ ရောဂါကို အတပ်ပြောနိုင်သည်ဟုဆိုကာ မျက်လုံးကိုကြည့်၍ အပူနာ၊ အအေးနာ ရောဂါဗေဒ ခန့်မှန်းသည့်ပညာကို ချက်ချင်းသင်ပေးခဲ့ပါသည်။ "စိမ်း-ပြာ-ညို-နက်-သီတဖက်၊ နီ-ချက်-ဝါဖြူ-ဥဏှယူ"ဆိုသော လင်္ကာတိုကလေးကို အစပြု၍ ကျွန်တော် ဆေးပညာနယ်တွင် ပညာသင်ကာ လျှောက်လှမ်းခဲ့ဖူးပါသည်။ ကိုယ်တိုင် လျက်ဆား၊ နှလုံးဆေး၊ သည်းခြေဆေး၊ ငန်းနီကျော်ဆေးများ ဖော်ခဲ့သည်။ စီးပွားဖြစ်ရောင်း၍ အောင်မြင်ခဲ့ဖူးသည်။ ရဟန်း၊ သံဃာ၊ မိဘ၊ ဆရာသမား၊ ဘိုးဘွားနှင့် ဝေဒနာရှင်တို့အားလည်း စိတ်တိုင်းကျလှူရဖူးသည်။ မြန်မာသမားတော်တို့ကား ကုသိုလ်လည်းရ ဝမ်းလည်းဝသော "ဩသဓဒါန ထာဝရ အလှူရှင်များ" ဖြစ်ကြပေသည်။

"ခြေ၊ လက်၊ မျက်နှာ ဆေးကြောပါ။ ကျန်းမာသန့်ရှင်း ရောဂါကင်း"ဆိုသည့် သူငယ်တန်းတွင် သင်ကြားသည့် လင်္ကာလေးသည် သာမန်လင်္ကာမဟုတ်။ မြန်မာနိုင်ငံ သာသနာ့သမိုင်းတစ်လျှောက် သက်တော်ရှည် ဆရာတော်ကြီးများ နေ့မဟူညမရွေး အိပ်ရာဝင် အိပ်ရာထ ကျင့်သုံးလေ့ရှိကြသည့် "သက်ရှည်ကျန်းမာရေး အလေ့အကျင့်ကောင်းများ"ဖြစ်ပါသည်။

"င...ပိ...လက်...လေး...သစ်" ဟူသည်မှာ သွားကိုက်ရာတွင် သိပ်ရမည့် ဆေးမြီးတိုဖြစ်သည်။ ငရုတ်ကောင်း၊ ပိတ်ချင်း၊ လက်ချား၊ လေးညှင်း၊ သစ်ကြမ်းပိုးတို့ကို ဆတူစု၊ အမှုန့်ပြုကာ ကိုက်နေသော သွားအတွင်းသို့ သိပ်ခြင်း၊ ထိုအမှုန့်ဖြင့် သွားတိုက်ခြင်းတို့ ပြုလုပ်က သွားကိုက်၊ သွားနာရောဂါ ပျောက်ကင်းသည်ဟု ဆိုလိုပါသည်။

တန်ဖိုးကြီးမားသော မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာတိုင်းရင်းဆေးဆရာများ၏ စည်းလုံးညီညွတ်မှု ပိုမိုမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာကို ပြည်သူများ ယုံကြည်ကိုးစားအားထားမှု တိုးပွားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြှင့်တင်ဆောင်ရွက်ရေးအတွက် နိုင်ငံတော်က အစဉ်မြှင့်တင်ပျိုးထောင်ပေးလျက်ရှိ။ နှစ်စဉ် မြန်မာ့တိုင်းရင်းဆေး သမားတော်ညီလာခံနှင့် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲများ ခင်းကျင်းပြသလျက်ရှိ။

"လူ...ရပ်...ကျောက်...ရပ်...ဇာ...လေး...ဒုတ်"ဟူ၍လည်း သွားရောဂါသာမက ရေစီးကမ်းပြိုပင် ပျောက်နိုင်သော ဆေးနည်းကောင်း တစ်လက် ရှိပါသေးသည်။ ကန့်ဘလူ၊ ပရုတ်၊ ကျောက်ချဉ်၊ ငရုတ်ကောင်း၊ ဇာတိပ္ဖိုလ်၊လေးညှင်း၊ဒုတ္တာစသည့် ဆေးအမယ်များ ပါဝင်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာရပ်ကား အနုစိတ်လှပါသည်။ ခက်ခဲ၍ နက်နဲသောပညာရပ်များ ဖြစ်ပါသည်။ ရေချိုးရာ၌ပင် **"ဆောင်း...တစ်ဆယ်၊ နွေ...ကိုး။ မိုး...ခုနစ်"**ဟု ကျန်းမာရေးအတွက် ပြဋ္ဌာန်းထားပေသည်။ ပူကန်ပွင့်ကြေ၊ ဓာတ်ကြေလေရ၊ သွေးလေမျှစေသည့် ပိတ်ချင်း၊ ချင်း၊ ငရုတ်ကောင်း(ဆေးပညာအလိုအရ တြိကဋုက်သုံးပါးဟုခေါ်သည်) တို့ကိုပင် မိမိတို့ကျန်းမာရေးအတွက် စနစ်တကျ နှစ်ရှည်သုံးစွဲတတ်ကြစေရန် **"ဆောင်းမှာ ပိတ်ချင်း၊ နွေမှာ ချင်း၊ မိုးတွင်း ငရုတ်ကောင်း"**ဟူ၍ ကျန်းမာရေး အမွေပေးခဲ့သည်။ **"မျက်စိ ရေကြည်၊ နားမှာဆီ၊ ဒန္တီမှာ ဆား၊ ဝမ်းမှာခါး၊ ရင်မှာပျား၊ ခါးမှာရေ"**ဟူ၍ တစ်သက်တာ ကျန်းမာရေးကောင်းစေမည့် သဘာဝဆေးအမယ်များနှင့် ကျင့်ထုံးကျင့်နည်းများကိုလည်း သုံးစွဲရန် ညွှန်းဆိုခဲ့ကြသည်။ **"အသက်ကြီးလျှင် ဆင်စီးမြင်းရံ ဗုံတီးပန်းပန်"**ဆိုသည်က အသက်(၅၀)ပတ်ဝန်းကျင်နှင့် အထက်သို့ရောက်ခဲ့သော် ခန္ဓာကိုယ် အိုမင်း၍ ယိုယွင်းလာသော ဓာတ်သဘာဝအင်အားပြည့်ဝကြစေရန် ဆင်တုံးမနွယ်(မသေဆေး)စားရန်နှင့် မြင်းခွာရွက်ပဋ္ဌငါးပါးမှီဝဲရန်၊ ဆီးဝမ်းသွေးလေ မှန်စေရေးအတွက် ဘုမ္မရာဇာဆေးစားရန်၊ ပျားရည်သောက်ရန် ဆေးနည်းကောင်းများ ပေးထားခြင်းဖြစ်ပါသည်။

စလေဆရာကြီးဦးပုညအစရှိသော ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုတို့၏ တိုင်းရင်းဆေးပညာလင်္ကာများ၊ ဖော်နည်းနိဿရည်းများ၊ စာပြောင်ဒုံးချင်းများ၊ ကုထုံးများ၊ ဆေးကျမ်း၊ ဓာတ်ကျမ်းများမှာ ဖော်ပြ၍ပင် မကုန်နိုင်ပါ။ မြန်မာ့တိုင်းရင်းဆေးပညာဟူသည် "နွယ်မြက်သစ်ပင်ဆေးဖက်ဝင်"ဟူသော စကားနှင့်အညီ သစ်ပင်တို့၏ အသီး၊ အရွက်၊ အမြစ်၊အခေါက်၊ ပင်စည် ပဉ္စငါးပါးတို့ကိုအမှုန့်ပြု အဆီစုကာ ကတိသစ္စာကို အရင်းတည်လျက် သီလဂုဏ်၊ သမာဓိ ဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ရောဂါဘေးကျရောက်သူတို့ကို စေတနာမေတ္တာဖြင့် ကယ်တင်လျက်ရှိသော မြန်မာသမားတော်တို့၏ နည်းပညာတစ်ရပ်ပင် ဖြစ်ပါသည်။

ပိန်ဆေး၊ ဝဆေးတို့မှာ ပျားရည်တစ်မျိုးတည်းဖြင့်ဖော်သော မြန်မာ့ပွဲတွေ့ဆေးကျော် ဖြစ်ပါသည်။ ပိန်ဆေးကို ပျားရည်အဟောင်းနှင့်ဖော်၍ ဝဆေးကို ပျားရည်အသစ်နှင့် ဖော်ရသည်။ နိုင်ငံခြား ခေတ်မီဆေးဝါးအချို့၏ ပုလင်းများပေါ်တွင် "အဆိပ်"ဟု ရေးသားဖော်ပြမှုများကို တွေ့ရသည်။ တန်ဆေးလွန်ဘေးဖြစ်သည်။ သတ်မှတ်ထားသော အကန့်အသတ်ထက်ကျော်လွန်၍ သောက်သုံးလျှင် အဆိပ်ဖြစ်၍ အသက်အန္တရာယ်ပင် ထိပါးနိုင်သည်။ မြန်မာ့ဆေးဝါးမှာ အဆိပ်မဟုတ်။ အန္တရာယ်မဖြစ်နိုင်။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင် ဆိုသကဲ့သို့ ဆေးပင်တို့၏အသီး၊ အရွက်၊ အမြစ်၊ အခေါက်တို့ကို အမှုန့်ပြုထားသော ဆေးအမယ်များသာ ဖြစ်ပါ၏။

"သမားပေါက်စ ဟလိဒ္ဒ"ဆိုသော စကားအရ ဟလိဒ္ဒစုန္ဒ (နနွင်းပြာ) ဆေးတစ်မယ်တည်းဖြင့် ကုသပျောက်ကင်းနိုင်စွမ်း ရှိလေသည်။ ထိုဟလိဒ္ဒစုန္ဒကို သောက်သင့်သည်ထက် အဆခြောက်ဆယ် ပိုသောက်ငြားအံ့၊ ထိုသူသည် ဝမ်းဖောရုံမှတစ်ပါး အခြားအန္တရာယ် မရှိကြောင်း တရားဝင် သုတေသနပြုထားသည်များရှိသည်။

ဤသို့တန်ဖိုးကြီးမားသော မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာတိုင်းရင်းဆေးဆရာများ၏ စည်းလုံးညီညွတ်မှု ပိုမိုမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာကို ပြည်သူများ ယုံကြည်ကိုးစားအားထားမှု တိုးပွားရေး၊ မြန်မာ့တိုင်းရင်းဆေး ပညာဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြှင့်တင်ဆောင်ရွက်ရေးအတွက် နိုင်ငံတော်က အစဉ်မြှင့်တင်ပျိုးထောင်ပေးလျက်ရှိပါသည်။ နှစ်စဉ် မြန်မာ့တိုင်းရင်းဆေးသမားတော်ညီလာခံနှင့် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲများ ခင်းကျင်းပြသလျက်ရှိသည်။

စွမ်းရည်မြင့်မား၍ တန်ဖိုးလည်းမကြီးလှသော မြန်မာ့တိုင်းရင်းဆေး၊ လက်ဆောင်ကောင်းကလေးတစ်မယ်ကို စာဖတ်သူတို့အားပေးလိုပါသည်။ ထိုဆေးနည်းလင်္ကာလေးမှာ-

သဘော်၊ နွယ်ချို
စရို၊ ပဒဲကော
ရောနှောသံပရာ
သကာပျားနှင့်ချက်။
အသက်ရာကျော်တက်။
အသံဥသြငှက်။
ဖြူသောဆံပင်နက် ဟူ၍ ဖြစ်ပါသည်။

အကယ်၍ ဤဆေးနည်း လင်္ကာလေးကို မဖော်တတ်၊ မသုံးဆောင်တတ်ငြားအံ့၊ မည်သည့်တိုင်းရင်းဆေးဆရာ၊ တိုင်းရင်းဆေး ဆိုင်နှင့် ပရဆေးဆိုင်များသို့မဆို သွားရောက်မေးမြန်းပါက ပြုံးရွှင်ချိုသာ ဖော်ရွေစွာ ဆီးကြိုကြ၍ "ဖော်နည်းကား" "ရေလဲ-သုံးဆောင်နည်း"နှင့် "အကျိုးသွားများ"ကို စိတ်ရှည်စွာ ရှင်းလင်းပြောပြ အကူအညီပေးကြမည်သာ ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေးနှင့် စပ်လျဉ်း၍ ဗဟုသုတပွားများရရှိကြစေရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

ဩဂုတ်၁၉ရက်က တာမွေမြို့နယ်၊ အမက(၇)၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကို ယင်းကျောင်း ခန်းမ၌ ကျင်းပရာမာလ်တီမီဒီယာနှင့် ကျောင်းပြုပြင်ရန်အတွက် ကျောင်းအကျိုးတော်ဆောင်၊ မိဘနှင့် ကျောင်းသားများ၏ စုပေါင်း လှူဒါန်းငွေကျပ် ၁၆၃၀၀၀၀ ကို မိဘဆရာအသင်း ဥက္ကဋ္ဌ ဦးမြင့်ဟန်က ကျောင်းအုပ်ဆရာကြီး ဦးလှထွန်းထံ လွှဲပြောင်းပေးအပ်စဉ်။ (ကြေးမုံ)

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၁)ရပ်ကွက်လုံးဆိုင်ရာ ရွှေညောင်ပင် ဓမ္မာရုံကြီးကို မွမ်းမံပြင်ဆင်လျက်ရှိရာ (၃၄)စံပြရပ်ကွက်မှ အလှူရှင် ဦးဝင်းဖေ-ဒေါ်အေးအေးမြင့် မိသားစုက လှူဒါန်းသော ငွေကျပ်ငါးသိန်းကို ရွှေညောင်ပင်ဓမ္မာရုံ နာယက ဗိုလ်မှူးသန့်ဇင်(ငြိမ်း)နှင့် ဥက္ကဋ္ဌ ဦးမောင်သောင်းတို့ လက်ခံယူစဉ်။ (က-ပ)

အပစ်အခတ်ရပ်စဲရေး ထိရောက်မှုရှိပါက စပိန်တပ်ဖွဲ့ဝင်များ လက်ဘနွန်သို့ စေလွှတ်မည်

မဒရစ် ဩဂုတ် ၁၈

လက်ဘနွန်တောင်ပိုင်းဒေသတွင် သဘောတူထားသည့် အပစ်အခတ်ရပ်စဲရေး အစီအစဉ်သည် ထိထိရောက်ရောက်ရှိပြီး စစ်မှန်မှုရှိပါက စပိန်နိုင်ငံမှ တပ်ဖွဲ့ဝင် ၈၀၀ ကို လက်ဘနွန်ရှိ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့သို့ အထောက်အကူပြုသည့်အနေဖြင့် ပို့လွှတ်မည်ဖြစ်ကြောင်း စပိန်တာဝန်ရှိ ပုဂ္ဂိုလ်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ချမှတ်သည့် စည်းမျဉ်းစည်းကမ်းများအတိုင်း စစ်မှန်ပြီး ထိရောက်သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြစ်ရမည်ဖြစ်ကာ ယင်းစည်းမျဉ်းများကို အားလုံးက လိုက်နာရမည်ဖြစ်ပြီး နယ်မြေသိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များ၏ သဘောသဘာဝအပေါ် အာမခံချက်ပေးရမည်ဖြစ်သည်ဟု ဝန်ကြီးချုပ် ဟိုးဆေးလူးဝစ္စရိုဒရီဂူယက်စ်ဇာပါတာရိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

စပိန်နိုင်ငံသည် ငြိမ်းချမ်းရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ယူထားသည့်နိုင်ငံဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသ၏ ငြိမ်းချမ်းရေးသည် နိုင်ငံတကာ၏ အရေးကိစ္စနှင့် ခွဲခြားမရစကောင်းသည့်အရာဖြစ်သည်ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆိုက်ဘေးရီးယားတွင် လေယာဉ်ငယ်ပျက်ကျ၊ လူသုံးဦးသေဆုံး

မော်စကို ဩဂုတ် ၁၈

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသအလယ်ပိုင်းရှိ ရေအိုင်ကြီးအတွင်းသို့ ဩဂုတ် ၁၃ ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လူသုံးဦးသေဆုံးကြောင်း ဒေသခံရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။ အင်ဂျင်နှစ်လုံးတပ် အဆိုပါလေယာဉ်သည် တယ်လက်စကိုရီ ရေအိုင်ကြီးထဲသို့ တနင်္ဂနွေနေ့က ပျက်ကျသွားခြင်းဖြစ်သည်။ လေယာဉ်မှူးနှင့်အတူ အခြားခရီးသည်နှစ်ဦး သေဆုံးသွားကြောင်း ခရိုင်ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ အင်တာဖက်စ် သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

အမ်အင်အေ၊ဆင်ဟွာ။

အပစ်အခတ် ရပ်စဲပြီးနောက် လက်ဘနွန်နိုင်ငံ ဘေရွတ်လေဆိပ်သို့ ပထမဆုံး ဆင်းသက်လာသော လေယာဉ်နှင့် ခရီးသည်များကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြက်ငှက်တုပ်ကွေး ကူးစက်ပျံ့နှံ့မှုမှ ရှိ မက္ကဆီကိုတွင် သတိပေးချက်ထုတ်ပြန်ထား

မက္ကဆီကိုစီးတီး ဩဂုတ် ၁၈

မက္ကဆီကိုနိုင်ငံအတွင်း၌ ကြက်ငှက်တုပ်ကွေး ဖြစ်လာဖွယ်ရှိသည့်အတွက် အစိုးရနှင့် ကြက်ငှက်မွေးမြူရေးလုပ်ငန်းတို့သည် ဩဂုတ် ၁၆ရက်တွင် သတိပေးချက် ထုတ်ပြန်ထားကြောင်း အမျိုးသား ကြက်ငှက်မွေးမြူရေး အလုပ်သမားများက ပြောကြားသည်။

သေဆုံး

မီချီဂန်ဒေသ၌ တောဘဲငန်းနှစ်ကောင်တွင် ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာမျိုးကို သိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်း၊ ကနဦးစမ်းသပ်ချက်အရ H5°N1 ရောဂါပိုးအပြင်းစားဖြစ်ကြောင်း၊ အာရှ၊ ဥရောပနှင့် အာဖရိကတိုက်ရှိ ကြက်ငှက်များတွင် H5°N1 ဗိုင်းရပ်စ်ပိုးပျံ့နှံ့လျက်ရှိကြောင်း၊ ယင်းရောဂါပိုးကြောင့် ပြည်သူ ၁၃၅ ဦး သေဆုံးကြောင်း အမေရိကန်အာဏာပိုင်များက ဩဂုတ် ၁၄ ရက်တွင် ပြောကြားသည်။

ဆောင်ရွက်

ကြက်ငှက်ရောဂါများ ဖြစ်ပေါ်နေမှုကြောင့် မက္ကဆီကိုနိုင်ငံတစ်ဝန်းရှိ ကြက်ငှက်မွေးမြူရေး လုပ်ငန်းများတွင် ကန့်သတ်ကာကွယ်မှုများ ဆောင်ရွက်ထားကြောင်း နိုင်ငံအမျိုးသားမွေးမြူရေးလုပ်ကိုင်သူများက ပြောကြားသည်။

မက္ကဆီကိုနိုင်ငံတွင် နှစ်စဉ် အသားတန်ချိန် ၂ ဒသမ ၈ သန်း ထုတ်လုပ်လျက်ရှိကြောင်း၊ ရောဂါပိုးကို တိုက်ဖျက်နိုင်ရန် ၁၉၉၆ ခုနှစ် ဩဂုတ်လတွင် ရောဂါတိုက်ဖျက်ရေးအဖွဲ့ကို တည်ထောင်ထားကြောင်း၊ ထိုကာလတွင် နိုင်ငံအတွင်း၌ ကြက်ငှက်ရောဂါ ပထမဆုံး ပျံ့နှံ့မှုဖြစ်ပေါ်လာကြောင်း ပြောကြားသည်။

ထို့အပြင် နိုင်ငံများတွင် ကြက်ငှက်ဗိုင်းရပ်စ်များ ပျံ့နှံ့နေသည့်အတွက် မက္ကဆီကိုနိုင်ငံအတွင်းသို့ ကြက် ငှက် ထုတ်ကုန်များတင်သွင်းမှုကို အစိုးရက ပိတ်ပင်ချက်ထုတ်ပြန်ထားသည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် မက္ကဆီကိုနိုင်ငံ၏ မွေးမြူရေးလုပ်ငန်း ဘေးအန္တရာယ် ကင်းရှင်းလာမည်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

လေကြောင်းဆိုင်ရာ လွတ်လပ်စွာပျံသန်းခွင့် သဘောတူညီချက် ဥရောပနှင့် အမေရိကန် မချုပ်ဆိုနိုင်သေး

ဘရပ်ဆယ် ဩဂုတ် ၁၈

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ အကြားတွင် လေကြောင်းဆိုင်ရာ လွတ်လပ်စွာပျံသန်းခွင့်ရရှိရေးကိစ္စကို သဘောတူရန် စီစဉ်ထားသည်။ သို့သော်ယခုအခါ ထိုကိစ္စမှာ သဘောတူညီချက်မရနိုင်သေးဘဲ အငြင်းပွားလျက်ရှိကြောင်း ဩဂုတ် ၁၆ ရက်က ထွက်ပေါ်လာသော ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏ လုံခြုံရေးဆိုင်ရာကိစ္စများကို ထည့်သွင်းစဉ်းစားရန်ရှိသဖြင့် ကန်လေကြောင်းတွင် ပြည်ပနိုင်ငံများက ပိုင်ဆိုင်ခွင့်နှင့် လွတ်လပ်စွာပျံသန်းခွင့်ပေးရေးကိစ္စကို အမေရိကန်ကွန်ဂရက်အနေဖြင့် မြန်ဆန်စွာ အဆုံးအဖြတ် ပေးနိုင်ဦးမည်မဟုတ်ကြောင်း ဝါရှင်တန်က ဩဂုတ် ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

လေကြောင်းဆိုင်ရာ လွတ်လပ်စွာပျံသန်းခွင့် သဘောတူရေးကိစ္စကို မူလက ဩဂုတ်လကုန် သို့မဟုတ် စက်တင်ဘာလအစောပိုင်းတွင် သဘောတူနိုင်လိမ့်မည်ဟု သတ်မှတ်ခဲ့သည်။ သို့ရာတွင် ယခုအခါ အထက်ပါအချိန်ဇယားနှင့်အညီ ဆောင်ရွက်နိုင်တော့မည်မဟုတ်ဟု အမေရိကန် သယ်ယူပို့ဆောင်ရေး ဒုတိယဝန်ကြီး ဂျက်ဖရီရှိန်းက အင်္ဂါနေ့က ပြောကြားသည်။ ယခုကဲ့သို့ သဘောတူညီမှုရရှိရန် နှောင့်နှေးရသည့်အဖြစ်ကို မိမိတို့ စိတ်မကောင်းဖြစ်ရသည်ဟု ဥရောပသမဂ္ဂသယ်ယူပို့ဆောင်ရေး ကော်မရှင်ရုံးမှ ပြောရေးဆိုခွင့်ရှိသူ စတီဖန်ဒီရင့်စ်ကဆိုသည်။ ဥရောပသမဂ္ဂ သယ်ယူပို့ဆောင်ရေးကော်မရှင်နာမှာ ဂျက်ဘာရောသ် ဖြစ်သည်။

ဥရောပနှင့် အမရိကန် လေကြောင်းပျံသန်းမှုဈေးကွက်သည် ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်သည်။ အချိုးအစားအားဖြင့်ဆိုပါက ကမ္ဘာ့လေကြောင်းပျံသန်းမှုလုပ်ငန်းတစ်ခုလုံး၏ ၆၀ ရာခိုင်နှုန်းအထိ ကြီးမားသည်။ ဖော်ပြပါ သဘောတူညီချက်သာ အကောင်အထည်ပေါ်သွားပါက ဥရောပလေကြောင်းလိုင်းများနှင့် အမေရိကန်လေကြောင်းလိုင်းများသည် အမေရိက၊ အတ္တလန္တိတ်နှင့် ဥရောပကောင်းကင်ပြင်တွင် ထင်တိုင်းခြယ်လှယ်ခွင့် ရရှိသွားကြမည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

ဩဂုတ် ၁၇ ရက်က ယူနိုက်တက်အဲလိုင်း လေကြောင်းနှင့်လိုက်ပါမည့် ခရီးသည်များ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကို လေဆိပ်၌ စစ်ဆေးခံရန် စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဩဂုတ် ၁၈ရက်က ဂျပန်နိုင်ငံ မြို့တော်တိုကျိုမြို့၌ ကျင်းပသည့် စက်ရုပ်နည်းပညာပြပွဲတွင် အက ကနိုင်သောစက်ရုပ်ငယ်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖီဂျီမှလာသည့်လေယာဉ် ဗုံးခြိမ်းခြောက်ခံရ၍ ဆစ်ဒနီလေဆိပ်၌ ဆင်းသက်

ဆစ်ဒနီ ဩဂုတ် ၁၈

ဩစတြေးလျ ရဲတပ်ဖွဲ့၏ စုံစမ်းချက်များအရ ဩဂုတ် ၁၇ ရက်တွင် ဖီဂျီနိုင်ငံမှ ပျံသန်း၍ ဆစ်ဒနီလေဆိပ်၌ ဆင်းသက်သော ပစိဖိတ်ဘလူးလေယာဉ်ကို ရှာဖွေစစ်ဆေးရာမှ မသင်္ကာဖွယ်ကိရိယာတစ်ခုကို ရှာဖွေတွေ့ရှိကြောင်း သောကြာနေ့ သတင်းတွင်ဖော်ပြသည်။

ရောက်ရှိ

ခရီးသည်အများစုနှင့် လေယာဉ်အမှုထမ်းများအား ဘိုးအင်း-၇၃၇ လေကြောင်းမှ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ဖီဂျီနိုင်ငံ၏ အချက်အချာဖြစ်သော အပြည်ပြည်ဆိုင်ရာ နာဒီလေဆိပ်မှ ဆစ်ဒနီလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

တွေ့ရှိ

အတည်မပြုရသေးသော သတင်းများအရ အရေးပေါ်ကယ်ဆယ်ရေးဌာနနှင့် လေကြောင်းအာဏာပိုင်များက ဆစ်ဒနီလေဆိပ်မှလေယာဉ်ကို လတ်တလောရှာဖွေစစ်ဆေးရာမှ မသင်္ကာဖွယ်ကိရိယာတစ်ခုကို တွေ့ရှိရကြောင်း နယူးဆောက်ဝေးလ်ပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားသည်။

ခြိမ်းခြောက်မှုသတင်းကိုရပြီး အဆိုပါလေယာဉ်သည် ဆစ်ဒနီလေဆိပ်တွင် ဆင်းသက်ခဲ့ကြောင်း ဩစတြေးလျနိုင်ငံ၏ အကြီးဆုံး ဆစ်ဒနီလေဆိပ်မှ ပြောရေးဆိုခွင့်ရှိသူကဆိုသည်။ ခြိမ်းခြောက်မှု၏ အခြားအသေးစိတ်အချက်အလက်များ မရှိကြောင်း အတည်ပြုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

လက်ဘနွန် ဒုက္ခသည်များအား အကူအညီပေးရန် စာရင်းကောက်ယူနေသည်ကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

လက်ဘနွန်တောင်ပိုင်းမှ နယ်မြေများအား ကုလကြားခံတပ်သို့ လွှဲပြောင်း

ဂျေရုဆလင် ဩဂုတ် ၁၈

အစ္စရေးတပ်ဖွဲ့ဝင်များကလက်ဘနွန်တောင်ပိုင်းရှိ ကုလသမဂ္ဂတပ်ဖွဲ့ထံသို့ စခန်းများကို ကြာသပတေးနေ့ စောစောပိုင်းက လွှဲပြောင်းပေးအပ်လျက်ရှိရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ ယင်းဒေသမှ ရုပ်သိမ်းရန် အရှိန်မြှင့် ဆောင်ရွက်နေခြင်း ဖြစ်သည်။

ကုလသမဂ္ဂတပ်ဖွဲ့များသို့ လွှဲပြောင်းပေးမှုဆိုင်ရာ အခွင့်အာဏာလုပ်ငန်းစဉ် စတင်နေပြီဖြစ်သည်ဟု ကြည်းတပ်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ အစ္စရေးတပ်ဖွဲ့က သိမ်းပိုက်ထားသည့် ဒေသများမှ ၅၀ ရာခိုင်နှုန်းကျော်တို့ကို ကုလသမဂ္ဂတပ်ဖွဲ့များထံသို့ လွှဲပြောင်းပေးခဲ့သည်ဟု ကြေညာချက်၌ ထပ်မံဖော်ပြထားသည်။

ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အရ လက်ဘနွန် တောင်ပိုင်းဒေသတွင် အစ္စရေးတပ်ဖွဲ့က ထိန်းချုပ်ထားသည့် စခန်းများကို လက်ဘနွန်ရှိ ကုလသမဂ္ဂကြားခံတပ်သို့လွှဲပြောင်းပေးရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် လက်ဘနွန်စစ်တပ်သို့ လွှဲပြောင်းပေးရမည် ဖြစ်သည်။

လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ လက်ဘနွန်ရှိ ကုလသမဂ္ဂတပ်ဖွဲ့ဝင်ဦးရေသည် ၂၀၀၀ မှ ၁၅၆၀၀၀ အထိ တိုးချဲ့နိုင်သည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် အဆင့်လိုက် ရုပ်သိမ်းရမည်ဖြစ်သည်။ ကုလသမဂ္ဂ ကြားခံတပ်ဖွဲ့ ဦးရေသည်လည်း အခြေအနေအပေါ်မူတည်ပြီး ရုပ်သိမ်းရမည်ဖြစ်ကာ လက်ဘနွန်တပ်ဖွဲ့က အဆိုပါ ဒေသကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်စွမ်းရှိသည့် အချိန်တွင် ရုပ်သိမ်းပေးရမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရွှံ့ညွန်စီးဆင်းမှုကြောင့် အင်ဒိုနီးရှားတွင် ရွာလေးရွာမြုပ်

ဂျကာတာ ဩဂုတ် ၁၈

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်အရှေ့ပိုင်းတွင် ရွှံ့ညွန်ပြိုကျစီးဆင်းမှုကြောင့် ရွာလေးရွာရှိ အဆောက်အအုံများနှင့် အိမ်ခြေ ၁၆၀၀ ကျော် နစ်မြုပ်သွားကြောင်း၊ စူးစမ်းရှာဖွေရေးစီမံကိန်းတစ်ခုဆောင်ရွက်ရာမှ စီးထွက်လာသော ရွှံ့ညွန်များကို ယခုထိတိုင် အာဏာပိုင်များက ထိန်းချုပ်မရအောင်ဖြစ်နေကြောင်း သတင်းဌာနတစ်ခုက ဩဂုတ် ၁၆ ရက်တွင် ဖော်ပြသည်။

လွန်ခဲ့သောနှစ်လကြာကာလကတည်းက ရွှံ့များစီးဆင်းမှုပြဿနာ ဖြစ်လာသည်။ ယင်းပြဿနာကို ဖြေရှင်းနိုင်ရန် အစိုးရက ကြိုးစားဆောင်ရွက်လျက်ရှိပြီး ယင်းဒေသတစ်ဝိုက်တွင်လည်း ယာယီဆည်တည်ဆောက်ထားသည်ဟု သိရှိရသည်။

ယခုအခါ တည်ဆောက်ထားသောဆည်ကိုချိုးဖောက်ပြီးနောက် ရွှံ့ညွန်များဝင်ရောက်လာကြောင်း၊ ဂျကာတာမြို့အရှေ့ဘက် ကီလိုမီတာ ၇၅၀ အကွာရှိ ခဝီနိုဂျိုမြို့မှ ပြည်သူ ၁၀၀၀၀ ကျော် လည်းပြောင်းရွှေ့သွားကြကြောင်းဖော်ပြထားသည်။

ရွှံ့ညွန်များ အဆက်မပြတ်စီးဆင်းမှုကြောင့်ရွှံ့ညွန်အိုင်ကြီးတစ်အိုင်ဖြစ်ပေါ်နေသည်။ အဆိုပါ ရွှံ့ညွန်စီးဆင်းသွားရာ ရွာများတွင် ကျောင်း၊ စက်ရုံနှင့် မြင့်မားသော အဆောက်အအုံ၏ အမိုးများသာ ရွှံ့မြေမလွှမ်းမိုးဘဲ ကျန်ရှိနေကြောင်း ဒီတီသတင်း ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ပီတီလာပင်ဒိုဘရန်တက်စ်ကုမ္ပဏီမှ ဒေသဆိုင်ရာ ဓာတ်ငွေ့မိုင်းတွင်း လုပ်ငန်းကြောင့် မေ ၂၀ ရက်မှစတင်၍ ရွှံ့ညွန်များစီးဆင်းလာခြင်းဖြစ်သည်။ ထိုအချိန်ကတည်းက ၂၅ စတုရန်းကီလိုမီတာအထိ ရွှံ့ညွံများ လွှမ်းမိုးသွားသည်။

ရွှံ့ညွံများကို ပင်လယ်တွင်းသို့ လမ်းကြောင်းပြောင်းစီးဆင်းရန် အစိုးရက စီစဉ်ဆောင်ရွက်ရန် စဉ်းစားနေသော်လည်းပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးပညာရှင်များက ကန့်ကွက်ထားသည်။

ရွှံ့ညွန်စီးဆင်းမှု ပြဿနာကြောင့် ယင်းဒေသတွင် ထိခိုက်ဒဏ်ရာရရှိသူမရှိဟုသိရှိရသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်တွင် အဝလွန်သူ ၁၆ ဒသမ ၈ ရာခိုင်နှုန်းကျော်ရှိ

ဟန္နိုင်း ဩဂုတ် ၁၈

အာရုစံချိန်နှုန်းထားအရ ဗီယက်နမ်နိုင်ငံ၌ အဝလွန်သူ ၁၆ ဒသမ ၈ ရာခိုင်နှုန်းကျော် ရှိကြောင်း၊ယင်းတို့မှာ အသက် ၂၅ နှစ်မှ ၆၄ နှစ် ကြားရှိသူများဖြစ်ကြောင်းဗီယက်နမ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အာဟာရဌာနက ဩဂုတ် ၁၇ ရက်တွင် ဖော်ပြသည်။

အသက် ၄၅ နှစ်ကျော်သူများတွင် သုံးပုံနှစ်ပုံသည် အဝလွန်သူများ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ မကြာသေးမီက စစ်တမ်း၌ ဖော်ပြထားသည်။ အဝလွန်သူများတွင် ကျေးလက်ထက် မြို့ပေါ်နေသူ ဦးရေက ပိုများသည်။ အဝလွန်သူများဖြစ်ကြသည်။

၎င်းတို့သည် ဆား၊ ဆန်နှင့် အဆီတို့ကို ပိုမိုစားသုံးသူများဖြစ်ကြကြောင်း၊ ဗီယက်နမ် ပြည်သူများသည် တစ်နေ့လျှင် ဆန် ဂရမ် ၃၅၀၊ အသား ဂရမ် ၈၀ နှင့် ဆား၁၈ဂရမ်မှ ၂၂ဂရမ်အထိ စားသုံးကြကြောင်း အာဟာရဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရေနံတင်သင်္ဘော နစ်မြုပ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံ ဂူမာရပ်စ်ကျွန်းကမ်းခြေတစ်လျှောက်တွင် ရေနံများအား ရှင်းလင်းဖယ်ရှားနေသော လုပ်သားနှစ်ဦးကို ဩဂုတ် ၁၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ပေါ်တူဂီတွင် တောမီးလောင်မှုကြောင့် သစ်တောမြေ ဟက်တာ ၅၀၀၀၀ ခန့် ပျက်စီး

လစ္စဘွန်း ဩဂုတ် ၁၈

ပေါ်တူဂီနိုင်ငံတွင် ယခုနှစ် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၄၉၈၈၀ ဟက်တာ ပျက်စီးသွားကြောင်း၊ ယင်းပျက်စီးမှုတွင် လွန်ခဲ့ပြီးသော ၁၅ရက်ကလောင်ကျွမ်းပျက်စီးသွားသော ဟက်တာ ၃၆၂၉၀လည်း ပါဝင်ကြောင်း ဥရောပသမဂ္ဂက ဩဂုတ် ၁၇ ရက်က သတင်းထုတ် ပြန်ထားသည်။

ပေါ်တူဂီနိုင်ငံတွင် ဇူလိုင် ၃၁ရက်မှ ဩဂုတ် ၁၅ရက်ထိ မီးလောင်ကျွမ်းမှုကြောင့် ပျက်စီးသွားသော သစ်တောမြေ ဟက်တာပေါင်း ၃၆၂၉၀ရှိပြီး ယင်းပျက်စီးမှုပမာဏသည် လစ္စဘွန်းမြို့တော်အကျယ်အဝန်း၏ လေးဆမျှရှိသည်။

အဆိုပါပျက်စီးမှု ပမာဏသည် ယခင်နှစ်ပျက်စီးမှု ပမာဏနှင့်နှိုင်းယှဉ်ပါက နည်းပါးကြောင်း၊ ယမန်နှစ်က မီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဟက်တာ ၁၀၀၀၀၀ ပျက်စီးခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဆီယံနှင့် တောင်ကိုရီးယား အက်ဖ်တီအေစာချုပ် ချုပ်ဆိုမည်

ကွာလာလမ်ပူ ဩဂုတ် ၁၈

တောင်ကိုရီးယားနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများသည် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီမှုစာချုပ် (အက်ဖ်တီအေ)ကို ဩဂုတ်လနောက်ဆုံးသီတင်းပတ်တွင်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား အထက်တန်း ကုန်သွယ်ရေးအရာရှိတစ်ဦးက ပြောကြားသည်။

ယင်းသို့ စာချုပ် ချုပ်ဆိုရာတွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် ထိုင်းနိုင်ငံမှအပ ကျန်နိုင်ငံအားလုံးပါဝင် ချုပ်ဆိုသွားကြမည်ဟု တောင်ကိုရီးယား ကုန်သွယ်ရေးဗျူရိုမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဟောင်ဂျင်က ထုတ်ဖော်ပြောကြားသည်။

ပါဝင်ခြင်းမရှိ

ဆန်ပို့ကုန်သွင်းကုန်ကိစ္စများနှင့်ပတ်သက်၍ စဉ်းစားရန်ရှိနေသည့်အတွက် ထိုင်းနိုင်ငံက ယင်းစာချုပ်တွင် ပါဝင်ခြင်းမရှိဘဲ နောက်ချန်နေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ သို့ရာတွင် တောင်ကိုရီးယားနှင့် ချုပ်ဆိုသည့်စာချုပ်၌ မကြာမီကာလတွင် ထိုင်းနိုင်ငံလည်း ပါဝင်လာလိမ့်မည်ဟု မျှော်လင့်ကြောင်း ဟောင်က ပြောကြားသည်။

တောင်ကိုရီးယားနှင့် အာဆီယံနိုင်ငံများသည် အက်ဖ်တီအေကိစ္စကို ၂၀၀၆ ခုနှစ်အတွင်း အပြီးစီစဉ်ကြဖွယ်ရာရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

လွတ်လပ်စွာကုန်သွယ်ရေးစာချုပ် ချုပ်ဆိုရေး ဂျပန်နှင့် အာဆီယံနိုင်ငံများ ညှိနှိုင်း

ကွာလာလမ်ပူ ဩဂုတ် ၁၈

ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ချုပ်ဆိုရန်ရှိသည့် လွတ်လပ်စွာကုန်သွယ်ရေးစာချုပ် (အက်ဖ်တီအေ)ကို ၂၀၀၇ခုနှစ်မတ်လခန့်တွင် ချုပ်ဆိုနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း ဂျပန်အထက်တန်းအရာရှိတစ်ဦးက ဩဂုတ် ၁၇ ရက်က ထုတ်ဖော်ပြောကြားသည်။

ကြို၍ကျင်းပ

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် အာဆီယံအထက်တန်းအရာရှိများ အစည်းအဝေးကို ကျင်းပလျက်ရှိသည်။(၃၈)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး (AEM) မကျင်းပမီ အထက်တန်းအရာရှိများ အစည်းအဝေးကို ကြို၍ကျင်းပညှိနှိုင်းကြခြင်းဖြစ်သည်။ အေအီးအမ် အစည်းအဝေးကို ဩဂုတ်လကုန်ပိုင်းတွင် ပြုလုပ်သွားရန်ရှိသည်။

အာဆီယံအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးအခြေအနေပိုမိုကောင်းမွန်လာစေရန်၊ အဖွဲ့ဝင်နိုင်ငံများအချင်းချင်းကြားတွင်သာမက အဖွဲ့ဝင်၏ မိတ်ဖက်နိုင်ငံများနှင့်ပါ စီးပွားရေးသဘောတူညီမှုများ ရရှိရန် ကြိုးပမ်းလျက်ရှိသည်။ ထိုသို့ပြုလုပ်ရာ၌ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံများနှင့်ပါဆွေးနွေးနေခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းပေါ်တွင် ရေလွှမ်းမိုးနေသည်ကို ဩဂုတ် ၁၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

စက်ရုံများမှထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရေး စနစ်တကျသုတေသနပြု ဈေးကွက်ဝင်၊ အဝယ်လိုက်သည့်ပစ္စည်းများကို လျာထားချက်ထက်ပို၍ထုတ်လုပ်

နေပြည်တော် ဩဂုတ် ၁၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ၂၀၀၆–၂၀၀၇ ခုနှစ် လုပ်ငန်းသုံးသပ်ရေးနှင့် ရည်မှန်းချက်များအောင်မြင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ပြည်နယ်နှင့်တိုင်းများမှ ဦးစီးမှူးများ၊ စက်ရုံမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာဝန်ကြီးဦးအောင်သောင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၀၆–၂၀၀၇ခုနှစ်၏ပထမလပတ်များ ကုန်ဆုံးသွားပြီဖြစ်ရာ ယင်းကာလအတွင်း လုပ်ငန်းများဆောင်ရွက်မှု၏အားသာချက်၊ အားနည်းချက်များကို ယခုအစည်းအဝေးတွင် ယထာဘူတကျကျ သုံးသပ်တင်ပြသွားကြရန်ဖြစ်ကြောင်း၊သို့မှသာ ကျန်ရှိသောလပတ်များတွင်အားနည်းချက်များကို ချက်ချင်းပြုပြင်၍ ရည်မှန်းချက်တာဝန်များ အောင်မြင်ရန် ကြိုးပမ်းသွားနိုင်မှာဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအောက်ရှိ စက်ရုံများမှထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်ရေးအတွက် စနစ်တကျ သုတေသနပြုဆောင်ရွက်သွားရေးနှင့် အရည်အသွေး မကျဆင်းရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း။

ထို့ပြင် ဈေးကွက်ဝင်ပစ္စည်းများ၊ ဈေးကွက်၌ အများနှစ်ခြိုက်မှုရှိပြီး အဝယ်လိုက်သည့်ပစ္စည်းများကိုလျာထားချက်ထက်ပို၍ ထုတ်လုပ်နိုင်ရေး၊ ထုတ်ကုန်ပစ္စည်းများကို ကြားခံအဆင့်အနည်းဆုံးဖြင့် ဈေးနှုန်းမှန်ကန်သက်သာစွာဖြင့် စားသုံးသူများထံ တိုက်ရိုက်ရောက်ရှိရေးအတွက်အားထုတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း။

သို့ဖြစ်၍ စက်ရုံများနှင့်ရုံးချုပ်များသည် ထုတ်လုပ်မှုလျာထားချက်များ ပြည့်မီကျော်လွန်ရေး၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရေး၊ ထုတ်လုပ်သမျှရောင်းချနိုင်ရေး၊ အလေအလွင့်နည်းပါးရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့်ဝင်ငွေအချိုး နည်းပါးရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က ကြပ်မတ်ကွပ်ကဲဆောင်ရွက်သွားကြရန်နှင့် ကုန်ထုတ်လုပ်မှုကိန်းဂဏန်းများအား မှန်မှန်ကန်ကန်တင်ပြကြရန်ဖြစ်ကြောင်း စသည်ဖြင့်အသေးစိတ်ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာ့စက်မှုလုပ်ငန်းများ၏ ၂၀၀၆–၂၀၀၇ ခုနှစ် ပထမလေးလပတ် လုပ်ငန်းဆောင်ရွက်ချက်အပေါ် သုံးသပ်ချက်ကို မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ စက်ရုံမှူးများ၊ ပြည်နယ်နှင့်တိုင်း ဦးစီးမှူးများက အသီးသီး တင်ပြကြပြီး သက်ဆိုင်ရာ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က လုပ်ငန်းအားလုံး၏ အားသာချက်၊အားနည်းချက်များကို ခြုံငုံသုံးသပ်တင်ပြသည်။

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းက ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ် ထူးချွန်စက်ရုံဆုများကို ပေးအပ်ချီးမြှင့်ရာ ပထမဆုရ မြန်မာ့အထည်အလိပ်လုပ်ငန်း ရွှေတောင်အဆင့်မြင့်ချည်မျှင်နှင့် အထည်အချောကိုင်စက်ရုံအားလည်းကောင်း၊ ဒုတိယဆုရရှိသော မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်း စက်ရုံအားလည်းကောင်း၊ပူးတွဲတတိယဆုများရရှိကြသော မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မီးခံဘိလပ်မြေပြားစက်ရုံ(မှော်ဘီ)နှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဖိနပ်စက်ရုံအမှတ်(၁)တို့အားလည်းကောင်း ဂုဏ်ပြုဆုများကို စက်ရုံမှူးအသီးသီးသို့ ပေးအပ်ချီးမြှင့်ပြီး အထူးဆုများကို စစ်ကိုင်းချည်မျှင်နှင့် အထည်စက်ရုံ၊ အဏုဇီဝစိမ်းပြာရေညှိဆေးဝါးလုပ်ငန်းစက်ရုံနှင့် ကြံခင်းဘိလပ်မြေစက်ရုံများမှ စက်ရုံမှူးများသို့ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးကျော်မြင့်က ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် ထူးချွန်ဝင်းသူဇာ ဆုများချီးမြှင့်ရာ ရှေးဦးစွာ ပထမဆုရ ဝင်းသူဇာအရောင်းဆိုင် (သာကေတ)အား လည်းကောင်း၊ ပူးတွဲ ဒုတိယဆုရရှိကြသော ဝင်းသူဇာအရောင်းဆိုင်(ပဲခူး)နှင့် ဝင်းသူဇာအရောင်းဆိုင် (ဗဟန်း) တို့အား လည်းကောင်း၊ တတိယဆုရဝင်းသူဇာအရောင်းဆိုင် (ဖော့ကန်)အား လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး အထူးဆုများရရှိကြသော ဝင်းသူဇာအရောင်းဆိုင်(ပြည်)နှင့် ဝင်းသူဇာအရောင်းဆိုင် (မြောက်ဥက္ကလာ) တို့အားလည်း ဂုဏ်ပြုဆုများ ဆက်လက်ပေးအပ်သည်။

ယင်းနောက် အမှတ်(၁) စက်မှုဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်ဦးမြင့်ဦးက ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းရေးဆွဲမှုဆုများကို ချီးမြှင့်ရာ စက်ရုံအုပ်စု(က)၌ ပထမရရှိသော ဖိနပ်စက်ရုံ အမှတ်(၁)အား လည်းကောင်း၊ ပူးတွဲဒုတိယဆုများရရှိကြသော စစ်ကိုင်းချည်မျှင်နှင့် အထည်စက်ရုံ၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံနှင့် အမှတ်(၃) စက္ကူစက်ရုံ (ပလိပ်)တို့အား လည်းကောင်း၊ ပူးတွဲတတိယ ဆုများရရှိကြသော ကြံခင်းဘိလပ်မြေစက်ရုံ၊ပန်းကန်နှင့် ကြွေပြားစက်ရုံ(သာယာဝတီ)နှင့် စက္ကူထုပ်ပိုးပစ္စည်းစက်ရုံတို့အား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အကြံပေးပုဂ္ဂိုလ် ဦးမြင့်ဦးက ၂၀၀၅–၂၀၀၆ ခုဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်း ရေးဆွဲပြီးစီးမှုဆုရရှိကြသော အုပ်စု(ခ) စက်ရုံငယ်များကို ဂုဏ်ပြုဆုများချီးမြှင့်ရာ ပူးတွဲပထမဆုရရှိကြသော ပဲငံပြာရည်နှင့် ရှာလကာရည်စက်ရုံ၊ ပလတ်စတစ်စက်ရုံအမှတ်(၂)နှင့် အင်္ဂတေပစ္စည်းစက်ရုံအမှတ်(၁)တို့အားလည်းကောင်း၊ ဒုတိယဆုရ အုတ်စက်ရုံအမှတ်(၁)အား လည်းကောင်း၊ တတိယဆုရ အဆင့်မြင့်မီးခံအုတ်စက်ရုံအား လည်းကောင်း ဂုဏ်ပြုဆုများပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက စက်ရုံမှူးများ၏ တင်ပြချက်များ၊ သက်ဆိုင်ရာ ဦးဆောင်ညွှန်ကြားရေးမှူးများ၏ ခြုံငုံသုံးသပ်ချက်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ကြီးဌာနက ချမှတ်ထားသော မူဝါဒအမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေး၊ အထူးသဖြင့် စက်ရုံများ၏ ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေး ကောင်းမွန်ရေးအတွက် စီမံကွပ်ကဲဆောင်ရွက်သွားကြရန် အသေးစိတ်မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးချွန်စက်ရုံ ပထမဆု

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ် ထူးချွန်စက်ရုံ ပထမဆုရ မြန်မာ့အထည်အလိပ်လုပ်ငန်း ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဟန်ဂေရီ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၀၆ ခုနှစ် ဩဂုတ် ၂၀ရက်တွင် ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဟန်ဂေရီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကင်းဂါ၊ ဂွန်နဲ့ဂျ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။
(သတင်းစဉ်)

မှုခင်းဖော်ထုတ်နိုင်မှု စွမ်းရည်ပြည့်ဝသော ရဲတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်သည့် အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှ မှုခင်းဖော်ထုတ်နိုင်မှု စွမ်းရည်ပြည့်ဝသော ရဲတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်း တက်ရောက် အမှာစကားပြောကြားပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှမင်းက မှုခင်းဖော်ထုတ်နိုင်မှု စွမ်းရည်ပြည့်ဝသောတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဆယ်မောင်နှင့် အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးတို့က မှုခင်းဖော်ထုတ်နိုင်မှုစွမ်းရည် ပြည့်ဝသော တပ်ဖွဲ့ဝင်၇၁ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှမင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ မှုခင်းဖော်ထုတ်နိုင်မှု စွမ်းရည်ပြည့်ဝသော တပ်ဖွဲ့ ဝင်တစ်ဦးအားဆုပေးအပ်ချီးမြှင့်စဉ်။ (ရန်ကုန်တိုင်းရဲတပ်ဖွဲ့)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀–၈–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၅	၃။ မျိုးချစ်တပ်မတော်
၇:၂၅	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးဃောသိတ တရားတော် သောတာပန်စိတ်ထား အင်္ဂါခုနစ်ပါး – ဝေဒနာနုပဿနာ သတိပဋ္ဌာန်**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၂၁	၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။ မြဝတီအဖွင့်
၁၂:၀၅	၂။ အဖွင့်သီချင်း
၁၂:၁၀	၃။ မျိုးချစ်တပ်မတော်
၁၂:၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀	၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် – မေ့မရတဲ့အချစ်ဦး**
၁:၅၀	၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁:၅၅	၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၅၀	၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။ အမေးကမ္ဘာတွေးစရာ
၆:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။ နိုင်ငံတကာသတင်း
၆:၂၀	၁၀။ မိုးလေဝသသတင်း
၆:၂၅	၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀	၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – လှိုု့ဝှက်ချက် (အပိုင်း–၆)**
၈:၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။ ပဟေဠိနန်းတော်
	၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။ English Premier League ဘောလုံးပွဲ -°Chelsea Vs Manchester °City (Live)
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ဟောပြော

ရန်ကုန် ဩဂုတ် ၁၉

လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှု ဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် အဆိုပါကျောင်းရှိ မြည်ဒီလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး လသာမြို့နယ် ဆရာဝန်ကြီး ဒေါက်တာဒေါ်သန်းသန်းဌေးက "သန့်လေး သန့်" အကြောင်းကိုဟောပြောသည်။ ဆက်လက်၍ ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှု ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းသူလေးများက ကျောင်းကျန်းမာရေး တစ်ခန်းရပ်ပြဇာတ်များ၊ ဆွေးနွေးပွဲ ပုံစံများကို တင်ဆက်ပြသကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မန္တလေးတိုင်း စတုပစ္စယာနုဂ္ဂဟအသင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တက်ရောက်

နေပြည်တော် ဩဂုတ် ၁၉

မန္တလေးတိုင်း စတုပစ္စယာနုဂ္ဂဟအသင်း၏ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်ကပ်လှူပွဲကို ဩဂုတ် ၈ရက် မွန်းလွဲ ၂နာရီတွင် မန္တလေးနန်းမြို့ မြနန်းစံကျော်ရွှေနန်းတော်၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂိယအမှူးပြုသော ဆရာတော် သံဃာတော် ၆၃ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဓမ္မစကြာဝတ်အသင်းများ၊ အလှူရှင်စေတနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် စတုပစ္စယာနုဂ္ဂဟအသင်း နာယက တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော် သံဃာတော်များအား တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများ၊ အလှူရှင်များက ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး၏ ဇနီးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရနှင့် စာချသီလရှင် ဆရာကြီး ၂၇ ပါးတို့အား သီလရှင်ဝတ်စုံများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်ဇနီး၊ တက်ရောက်လာကြသူများသည် ဆရာတော် သံဃာတော် တစ်ပါးချင်းစီအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားတွင် ရဟန်းသံဃာတော်များနှင့် အလှူရှင်များ စုစုပေါင်း ၇၂၆၃၄ ပါးတို့အား သင်္ကန်းဒွိစုံ ၁၁၄၂စုံ၊ ဆွမ်းဆန် ၈၅၂၇အိတ်၊ သီလရှင်ဝတ်စုံ ၂၇စုံနှင့် မောရိယမန်းဆေးမိသားစုမှ ငွေကျပ် ၃၃၇၅၀၀၀ တန်ဖိုးရှိ မောရိယမန်းဆေးများ အပါအဝင် စုစုပေါင်း ငွေကျပ် ၁၀၆၆သိန်းနှစ်သောင်းတစ်ထောင်နှစ်ရာတန်ဖိုးရှိ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင်တိုင်းမှူးသည် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးနှလုံးရောဂါ အထူးကုသဆောင်သို့ သွားရောက်ကြ၍ ဆေးဝါးကုသမှုခံယူလျက်ရှိသော ဆားတောင် ဆရာတော်ဘဒ္ဒန္တပညာဇောတအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထားကာ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဧည့်ပရိသတ်များ၊ မန္တလေးတိုင်း စတုပစ္စယာနုဂ္ဂဟအသင်း၏ (၁၆) ကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော် ကပ်လှူပွဲတွင် ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သန်လျင်မြို့နယ် သဲဖြူချောင်း ဂိုဏ်းထောက် ပရိယတ္တိစာသင်တိုက် သာသနာပြုလုပ်ငန်းအတွက် ဦးမြင့်သိန်း–ဒေါ်သီတာဦး၊ သမီး မယမင်းဖြိုး၊ မမေမျိုးသူနှင့် ညီအစ်ကိုမောင်နှမ မိတ်သင်္ဂဟများ၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကွန်ပျူတာတစ်စုံကို ပဓာနနာယကဘဒ္ဒန္တကုသလရှေ့မှောက်တွင် လှူဒါန်းကြစဉ်။ (က–ပ)

ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေလေး သံလမ်းအနီးရှိ ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် ရန်ကင်းမြို့နယ် ပြည်သာယာ (၁၆)ရပ်ကွက်၊ ဝန်မင်းလမ်းနေ ဦးအေးလှ – ဒေါ်ချိုချိုဝင်း မိသားစုက အလှူတော်ငွေ ကျပ်နှစ်သိန်းလှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် ပိဋကတစ်ပုံခွဲဆောင် အရှင်ခေမာသိရီလင်္ကာရကဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။(က–ပ)



မင်္ဂလာဗျူဟာသွေးလှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၁၉

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်း၌ ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကို (၈၄)ကြိမ်မြောက်အဖြစ် ဩဂုတ်၂၇ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင်ကျင်းပမည်ဖြစ်ရာ မည်သူမဆို သွေးလှူဒါန်းနိုင်ပြီး သွေးလှူရှင်များအတွက် အာဟာရကုသိုလ်၊ ပဒေသာမဲကုသိုလ်စသည့် အလှူငွေပစ္စည်းများကို တတ်စွမ်းသရွေ့ လှူဒါန်းနိုင်သည်။ သွေးလှူဒါန်းလိုသူများသည် ဩဂုတ်၂၆ရက် (စနေနေ့)နံနက်၇နာရီမှစ၍ မင်္ဂလာဗျူဟာ အသင်းချုပ်သို့ ကိုယ်တိုင်ကြွရောက်၍ အသိအမှတ်ပြုကတ်ပြားပေးကာ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းဖြင့် သွေးလှူဒါန်းရေးအဖွဲ့က နှိုးဆော်ထားသည်ဟု သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀–၈–၂၀၀၆ (တနင်္ဂနွေနေ့)

- ၇:၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ နိုင်ငံဂုဏ်ကို ဖော်ဆောင်နေသော စက်မှု(၁)မှ ရွှေတောင်ချည်ထည်များ
- ၇:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၇:၃၅ တေးဂီတအစီအစဉ်
- ၇:၄၀ နိုင်ငံတကာအနုပညာရေးရာ
- ၈:၁၀ တေးဂီတအစီအစဉ်
- ၈:၁၅ စာပေပညာရှင်များနှင့် တွေ့ဆုံခြင်း (ဒေါ်စောမုံညင်း)
- ၈:၃၀ တေးဂီတအစီအစဉ်
- ၈:၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၄၀ Sunday Talk [ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
- ၉:၃၅ တေးဂီတအစီအစဉ်
- ၉:၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၅၀ ခေတ်မီစက်များနှင့် ထုတ်ကာထား FAME ဆေးဝါးများ
- ၁၀:၁၀ တေးဂီတအစီအစဉ်
- ၁၀:၁၅ ပြည်သူ့အတွက်ကျန်းမာရေး (ခါးနာရောဂါအကြောင်း မေးမြန်းခန်း) (ဒေါက်တာချစ်စိုး)
- ၁၀:၃၀ မိုးလေဝသခန့်မှန်းချက်
- ၁၁:၂၀ Myanmar Video Rhythm
- ၁၁:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၀ တေးဂီတအစီအစဉ်
- ၁၁:၃၅ ဆင်ယင်ရိုးရာတို့မြန်မာ
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၆:၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports
၆:၅၅	Man Utd - Fulham	5-Sports (Live)
၉:၂၅	Chelsea - Man City	5-Sports (Live)
၁၁:၃၀	Final Score	5-Sports (Live)

အောင်စကြာ မိုးကုတ်ရိပ်သာ ကထိန်မတည်ငွေနှင့် ကျောင်းဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၉

သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၌ ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သည့် ဦးတင်ဦး၊ ဒေါ်ကြည်တို့ကို ကျေးဇူးဆပ်သောအားဖြင့် သားသမီးမြေးတစ်စုတို့က အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အောင်စကြာဆရာတော်ကြီးနှင့် သံဃာတော်ငါးပါးတို့အား သိက္ခာထပ်၍ ကထိန်မတည်အလှူငွေ ကျပ်တစ်သိန်း၊ ကျောင်းဆောက်ရန် ကျပ်တစ်သိန်း လှူဒါန်းကာ ယောဂီ ၁၅၀ ကျော်တို့အား ဩဂုတ် ၂၄ရက်မှ စက်တင်ဘာ ၆ရက်အထိ တရားစခန်း ကျင်းပပေးမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ပိဋကတ်နှစ်ပုံဆောင် ဆရာတော် ဦးပဏ္ဍိတက သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဟု သိရသည်။ (က–ပ)

ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၁၉

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ၌ ခုနစ်ရက်တရားစခန်းပွဲကို စက်တင်ဘာ ၁ရက်မှ ၇ရက်အထိ ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ပညိဿရ ကိုယ်တိုင် ဟောကြားပြသမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများ ဩဂုတ် ၃၁ရက် ညနေအရောက်လာကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းလိုပါက ရိပ်သာဖုန်း ၀၅၂–၂၄၅၅၀၊ ၀၉–၅၁၀၄၆၆၉၊ ကိုကျော်ခိုင်(ပဲခူး) ၀၅၂–၂၃၂၆၃ နှင့် ကိုကျော်သန်း(ရန်ကုန်) ၀၉၅၀၁၇၂၉၄တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်းဥယျာဉ်လမ်းနေ ဦးကျော်မြင့်လွင် ဇနီးဒေါ်နီလာဌေး၊ သားမောင်အောင်ပြည့်ဖြိုးကျော်၊ သမီးမဟန်နီဖြိုးကျော်၊ မထက်သီရိနိုင်မိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)နှင့် အမှုဆောင်ဆရာတော် ဒေါက်တာအရှင်သောပါကတို့ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လသာမြို့နယ် သံဈေး ဝါဆိုသင်္ကန်းကပ်လှူ မဟာသိမ်တော်ကြီး အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

လသာမြို့နယ် သံဈေးပိဋကတ်သုံးပုံကောင်းမှုရှင်များနှင့် သီးသန့်အလှူရှင်များက ဩဂုတ် ၁၆ရက် နံနက် ၁၀နာရီတွင် သံဈေးတာဝန်ခံရုံးခန်း၌ ဘုရားအနေကဇာတင်၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဒေါပုံမြို့နယ် ဗိုလ်ထွန်းဖဲရပ်ကွက် မင်းနန္ဒာလမ်းမကြီး အနန္တဇိနဘုရားဝင်းအတွင်းရှိ သဒ္ဓမ္မပါလ မင်္ဂလာမဟာသိမ်တော်ကြီးဆောက်လုပ်ပြီးစီးရန်အတွက် ပထမအကြိမ်အလှူငွေပေးအပ်ပွဲကို ကျင်းပသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များ လှူဒါန်းကြသော အလှူငွေများကို သံဈေးပိဋကတ်သုံးပုံအလှူရှင် အကျိုးတော်ဆောင်ဦးစိန်မြင့်က **(အပေါ်ပုံ)** အလှူငွေများကိုလက်ခံပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

▲ **ရှေ့ဖုံးမှ**

တံတားရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် တံတားကြံ့ခိုင်မှု အခြေအနေများကို တာဝန်ရှိသူများက အမြဲကြည့်ရှုစစ်ဆေး၍ ပြုပြင်ရန် လိုအပ်ချက်များရှိလာပါက အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်ရေး၊ တံတားလုံခြုံမှုကို အထူးအလေးထား ဆောင်ရွက်ရေး မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တာကော်-မိုင်းပျဉ်းလမ်းပိုင်း မိုင်တိုင်အမှတ် (၂၉၁/၄)နှင့် မိုင်တိုင်အမှတ်(၃၀၂/၄) လမ်းကျဉ်းနေရာများ၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စက်၊ ယာဉ်၊ ယန္တရားများဖြင့် လမ်းသားချဲ့ထွင်ခြင်း၊ လမ်းဘေး ဝဲ/ ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်မှုရှိအောင် မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၃၁၅/၁)နှင့် မိုင်တိုင်အမှတ်(၃၂၆/၃) သဲတောင်နေရာများ၌ ကျောက်စီမြေထိန်းနံရံ ပြုလုပ်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ လမ်းကြောင်းတစ်လျှောက် လမ်းနှင့်တံတားများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးနှင့် တာဝန်ရှိသူများက လမ်းအပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က တာကော်-မိုင်းပျဉ်း-ကျိုင်းတုံလမ်းပိုင်း တိုးတက်ကောင်းမွန်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တာကော်-မိုင်းပျဉ်း-ကျိုင်းတုံ ပြည်ထောင်စုကားလမ်းမကြီး ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် လမ်းပိုင်းအလိုက် တာဝန်ခံအင်ဂျင်နီယာများက အမြဲစစ်ဆေးပြုပြင်ဆောင်ရွက်ရေး၊ မိုးတွင်းကာလတောင်ပြို မြေများကြောင့် လမ်းပိတ်ဆို့မှု မရှိအောင် အမြဲဖယ်ရှားရှင်းလင်းဆောင်ရွက်ရေး၊ ကတ္တရာလမ်းသားများ ရေတိုက်စားမှုမခံရအောင် လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ ညပိုင်းတွင် မိုင်းပျဉ်းမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သာကေတစက်မှုဇုန်အနီး ငမိုးရိပ်ချောင်း ရေစားကမ်းပြိုမှု ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✳ **ကာကွယ်ရေးဝန်ကြီးဌာနမှ**

ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား အင်ဂျင်နီယာမှူးကြီး (ရန်ကုန်တိုင်း) ဦးစိုးတင့်က ငမိုးရိပ်တံတား(ကမာကြည်)သို့ ဆက်သွယ်ထားသည့် ချဉ်းကပ်လမ်းများဆောင်ရွက်မှု အခြေအနေနှင့် စပ်လျဉ်း၍လည်းကောင်း၊ ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်း အင်ဂျင်နီယာမှူး ဦးဟန်စိုးက ငမိုးရိပ်တံတား(ကမာကြည်) တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တံတားကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောလျင်စွာ ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ကမ်းပါးပြိုမှုကာကွယ်ရေး

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးအုန်းဟန်က သာကေတစက်မှုဇုန်အနီး ငမိုးရိပ်ချောင်း ရေစားကမ်းပြိုမှုကာကွယ်ရေး ဆောင်ရွက်ရန်နှင့် ရေအရင်းအမြစ်မှ တိုင်းတာပြီးရရှိသော အချက်အလက်များကို အခြေခံ၍ ဆက်လက်ဆောင်ရွက်မည့် ကြိုတင်ကာကွယ်ရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကမ်းပါးပြိုမှုကာကွယ်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်သွားကြရန် မှာကြားသည်။

အချိန်မီတိုးချဲ့ဖောက်လုပ်

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းက လမ်းများ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ငမိုးရိပ်တံတား(ကမာကြည်)သည်လေးလမ်းသွားဖြစ်သည်နှင့်အညီ သုဝဏ္ဏနှင့် သာကေတဘက်တို့တွင်ရှိသော လမ်းများအား လေးလမ်းသွား ကတ္တရာလမ်းဖြစ်အောင် အချိန်မီ တိုးချဲ့ဖောက်လုပ်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ငမိုးရိပ်တံတား(ကမာကြည်)ပေါ်သို့ တက်ရောက်ပြီး ကြိုတင်အားဖြည့် ကွန်ကရစ်တံတားရက်မတန်းများ ပြီးစီးမှု၊ P 5 နှင့် P 6 တိုင်များအကြားရှိ ရက်မတန်းများအား ဆက်သွယ်သည့် ကြားတန်းများ ကွန်ကရစ်လောင်းနေမှုနှင့် သာကေတဘက်ကမ်းရှိ ချဉ်းကပ်လမ်း တည်ဆောက်ရေးအတွက် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ငမိုးရိပ်တံတား (ကမာကြည်)မှာ ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏမြို့နှင့် သာကေတမြို့နယ်တို့အား ဆက်သွယ်ကာ ငမိုးရိပ်ချောင်းအား ဖြတ်သန်းတည်ဆောက်ထားပြီး တံတားအရှည် ပေ ၉၇၀၊ ယာဉ်သွားလမ်းအကျယ် ၄၈ပေနှင့် တံတား ဝဲယာတို့တွင် လူသွားလမ်း ခြောက်ပေစီ ထည့်သွင်း တည်ဆောက်ထားသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ် အကျယ်မှာ ၆၅ ပေနှင့် အမြင့် ၁၁ ပေရှိသည်။ တံတားခွင့်ပြုယာဉ် အလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

တံတားတည်ဆောက်ခြင်းလုပ်ငန်းမှာ ဘိုးပိုင်လုပ်ငန်းအားလုံးပြီးစီးပြီး တံတားရှိအခန်း ၁၂ ခန်းအနက် ခုနစ်ခန်းမှာ ကြမ်းခင်းလုပ်ငန်းများ ပြီးစီးပြီး ရေလယ်တိုင်အမှတ် P 5 နှင့် P 6 တို့တွင် ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မများ တင်ပြီးဖြစ်သည်။ P 6 မှ P 10 အထိ အခန်း လေးခန်းအတွက် ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မများလည်း ကြိုတင်သွန်းလောင်းပြီးစီးနေပြီ ဖြစ်သည်။

လုပ်ငန်းပြီးစီးမှု

ဆက်လက်ဆောင်ရွက်ရန်အတွက် အခန်းအမှတ် P 5 မှ P 10 အကြား ကြမ်းခင်းလောင်းခြင်း၊ လက်ရန်းနှင့် လူသွားလမ်းလုပ်ငန်းနှင့် ရေလယ်တိုင်အမှတ် P 7 ရှိ ကက်လောင်းခြင်း၊ ရှပ်နှင့် Cross Beam လုပ်ငန်းများ သာကျန်ရှိပြီး လုပ်ငန်းတစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

တံတားချဉ်းကပ်လမ်းမှာ သုဝဏ္ဏနှင့် သာကေတ ဘက်ကမ်းတို့၌ တစ်ဖက်လျှင် အရှည်ပေ ၅၀၀ စီရှိပြီး သုဝဏ္ဏဘက်ကမ်းရှိ ချဉ်းကပ်လမ်းမှာ မြေဖို့ခြင်းလုပ်ငန်း ပြီးစီးနေပြီး သာကေတဘက်ကမ်းရှိ ချဉ်းကပ်လမ်းမှာ မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါပြီး သုဝဏ္ဏတံတားအနီး သာကေတစက်မှုဇုန် ရန်ကြီးအောင်လမ်းရှိ High Tech Concrete Co.,Ltd. သို့ ညနေ ၄ နာရီတွင် ရောက်ရှိပြီး စက်ရုံဘေးရှိ ငမိုးရိပ်ချောင်း ရေစားကမ်းပြိုမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရေစားကမ်းပြိုမှု ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ High Tech Concrete Co., Ltd. နှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ရေး၊ ငမိုးရိပ်ချောင်းအား ဖြတ်သန်းပို့လွှတ်လျက်ရှိသည့် မြို့တော်စည်ပင်သာယာ ရေပိုက်လိုင်းတိုင် အောက်ခြေများ ရေတိုက်စားမှု မရှိစေရေးအတွက် ကြိုတင်စစ်ဆေး ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ အား မှာကြားပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

အခြေခံအိမ်တွင်းမှု သင်တန်းဆင်းပွဲများ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန စစ်ကိုင်းတိုင်း ယင်းမာပင်၊ ပုလဲနှင့်ဆားလင်းကြီးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို ဩဂုတ် ၁၈ရက်တွင် သက်ဆိုင်ရာ သင်တန်းကျောင်းခန်းမများ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများကို စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ ဇနီးက ပေးအပ်ချီးမြှင့်သည်။

ယင်းမာပင်အိမ်တွင်းမှုသင်တန်းကျောင်း၌ အခြေခံစက်ချုပ်သင်တန်းသူ ၅၀၊ ပုလဲအိမ်တွင်းမှု သင်တန်းကျောင်း၌ အခြေခံစက်ချုပ်သင်တန်းသူ ၅၀နှင့် ဆားလင်းကြီး အိမ်တွင်းမှုသင်တန်းကျောင်း၌ အခြေခံစက်ချုပ်သင်တန်းသူ ၅၀ တက်ရောက်အောင်မြင်ခဲ့သည်။

အလားတူမကွေးတိုင်း ပခုက္ကူ၊ မြိုင်၊ပေါက်၊ ဆိပ်ဖြူနှင့် ရေစကြိုအိမ်တွင်းမှု သင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲများနှင့် စစ်ကိုင်းတိုင်း နာဂဒေသရှိ လေရှီး၊ လဟယ်နှင့် နန်းယွန်း အိမ်တွင်းမှုသင်တန်းကျောင်းများ၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲများကို သက်ဆိုင်ရာသင်တန်းကျောင်း အသီးသီး၌ ဩဂုတ် ၁၈ရက်တွင် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● **ဟော့ဒေါ့အသားညှပ်မှ**

ဆူပါမားကတ်များမှ ဝယ်ယူရရှိသော ဟော့ဒေါ့များမှ ရယူထားသည့် နမူနာများကို နိုက်ထရိုက်ဓာတ်များနှင့် ရောနှောလိုက်သောအခါ ဒီအင်အေဗီဇသဘာဝကို မျိုးထွန်းစေသော ဓာတ်ပစ္စည်းများ ထုတ်ပေးသည်ဟု ထင်မြင်စရာရှိသည်။ သို့ဖြစ်၍ ဟော့ဒေါ့ အသားညှပ် မုန့်ကိုစားသုံးခြင်းသည် အူမကင်ဆာရောဂါ ဖြစ်ပေါ်လာစေနိုင်သည့် အန္တရာယ်ရှိနေသည်ဟု သုံးသပ်ရခြင်းဖြစ်ကြောင်း မားဗစ်နှင့် သုတေသီများကဆိုသည်။

ကောက်ချက်ချနိုင်

ယခုတွေ့ရှိချက် သေချာမှုရှိ၊ မရှိ သိရှိနိုင်စေရန် ဓာတ်ခွဲခန်းသုံး ကြွက်ငယ်ကလေးများကို ဟော့ဒေါ့နမူနာများ ကျွေးမွေးကြည့်ခြင်းဖြင့် စမ်းသပ်သွားမည်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ ထိုအခါ ကြွက်ငယ်များတွင် အူမကင်ဆာနှင့် ပန်ကရိယကင်ဆာများ တွေ့ရလျှင် ထိုအချက်သေချာကြောင်း ကောက်ချက်ချနိုင်ဖွယ်ရာရှိသည်။

သို့ဖြစ်၍ မိမိအနေဖြင့် လူအများကို ဟော့ဒေါ့စားပါဟူ၍ မတိုက်တွန်းလိုကြောင်း မားဗစ်က ပြောကြားသည်။ ယခုတွေ့ရှိချက်များသည် ကနဦးတွေ့ရှိချက်မျှသာဖြစ်၍ ခိုင်မာသထက် ခိုင်မာစေရန် နောက်ထပ်စမ်းသပ်မှုများ တိုး၍ပြုလုပ်သွားရန် လိုအပ်နေသေးကြောင်း အမေရိကန်အသားထုတ်လုပ်သူများ ဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဂျိမ်းဟောချ်က ပြောကြားသည်။

ငါးခြောက်များ၊ ငါးဆားနယ်များနှင့် ပဲငါးပိ၊ ပဲငံပြာရည်များ၌လည်း ဟော့ဒေါ့၌ပါရှိသော ဓာတုဗေဒပစ္စည်းများ ပါရှိနေရာ ယင်းစားသောက်ဖွယ်ရာများသည်လည်း ဟော့ဒေါ့နည်းတူ ကင်ဆာရောဂါဖြစ်ပွားစေသည့် ပစ္စည်းများ ပါဝင်နေစရာရှိကြောင်း မားဗစ်က ပြောကြားသည်။

မားဗစ်နှင့် သုတေသီအဖွဲ့သည် ၎င်းတို့၏ တွေ့ရှိချက်များကို စိုက်ပျိုးရေးနှင့် အစားအစာဆိုင်ရာ ဓာတုဗေဒဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်။ **အင်တာနက်။**

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ဖွင့်လှစ်ရောင်းချပေးသော သိမ်ဖြူဈေးအထူးဆန်အရောင်းဆိုင်ကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်သိမ်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်လင်း၊ မြို့နယ်ဆန်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးအေးဝင်းနှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ဤပြိုင်ပွဲသည် ပြည်နယ်နှင့်တိုင်းအသီးသီးက တိုင်းရင်းသားပေါင်းစုံ ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဖြစ် ပြိုင်ပွဲဝင်များအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များဖြင့် တက်တက်ကြွကြွပါဝင်ယှဉ်ပြိုင်

*** မြန်မာ့ရိုးရာယဉ်ကျေးမှုမှ**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်တိုင်းများမှ ကိုယ်စားလှယ်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အနုပညာရှင်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်က စတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၁၄)ကြိမ်မြောက်ကို ရောက်ရှိလာပြီဖြစ်ကြောင်း၊ ယခင်ကပြိုင်ပွဲများကို ရန်ကုန်မြို့၌ ကျင်းပခဲ့ကြောင်း၊ ပြိုင်ပွဲကို ယခုနှစ်မှစ၍ နေပြည်တော်၌ ကျင်းပမည်ဖြစ်ပြီး ပိုမိုစည်ကားသိုက်မြိုက်စွာဖြင့် စနစ်တကျ အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဆိုသည့် လူမှုရေးဦးတည်ချက်များအတိုင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ချမှတ်ပေးထားသော ဦးတည်ချက်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်၏ယဉ်ကျေးမှုအမွေအနှစ်များ၊ စရိုက်လက္ခဏာများ မပျောက်မပျက်အောင် ဆက်လက်ထိန်းသိမ်းနိုင်စေရန်အတွက် ဤပြိုင်ပွဲကြီးကို ကျင်းပနေခြင်းဖြစ်ကြောင်း။

ယခုနှစ်ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ဦးတည်ချက်(၇)ရပ်ချမှတ်ထားကြောင်း၊ ယင်းဦးတည်ချက်များမှာ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန်ထက်မြက်မြင့်မားရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ဆက်လက်ထွန်းကားပြန့်ပွားရန်၊ မြန်မာတို့၏ အမျိုးသားစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်နှင့် စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန်တို့ဖြစ်ကြောင်း၊ ယခင်နှစ်ကစပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာစေရေးအတွက် ဦးတည်ချက်(၇)ရပ်ကို ဖြည့်စွက်ခဲ့ကြောင်း။

ဤပြိုင်ပွဲသည် ပြည်နယ်နှင့် တိုင်းအသီးသီးက ကိုယ်စားလှယ်တိုင်းရင်းသားပေါင်းစုံ ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဖြစ်ကြောင်း၊ တိုင်းရင်းသားများအားလုံး စုစည်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်သည့်အတွက် ပြည်ထောင်စုစိတ်ဓာတ် ထာဝရရှင်သန်နေရန် အရေးကြီးကြောင်း၊ ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပပေးခြင်းအားဖြင့် တစ်ဖက်ကလည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာစေပြီး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ခိုင်မာသည်ထက် ခိုင်မာလာမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားအားလုံး ထာဝရထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ဖြစ်၍ လာရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များဖြင့် တက်တက်ကြွကြွ ပါဝင်ယှဉ်ပြိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရမည် ဖြစ်သည့်အပြင် တက်ရောက်လာကြသည့် ကော်မတီ၊ ဆပ်ကော်မတီဝင်များ၊ ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များကလည်း အလေးအနက်ထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့မျက်မှောက်ခေတ်သည် သတင်းနှင့်နည်းပညာများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေသည့် ခေတ်ဖြစ်သည်နှင့်အညီ နိုင်ငံအသီးသီး၏ နယ်ပယ်အသီးသီးတွင် သက်ရောက်မှုများရှိနေကြောင်း၊ အကျိုးသက်ရောက်မှုရှိသကဲ့သို့ အဆိုးသက်ရောက်မှုလည်းရှိကြောင်း။

အထူးသဖြင့် အနောက်နိုင်ငံများ၏ ယဉ်ကျေးမှုထုတ်ကုန် ပစ္စည်းများကို ကမ္ဘာ့လူဦးရေ၏ ငါးပုံနှစ်ပုံ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရှိသည့် အသက်(၂၀)အောက် လူငယ်များအား ဈေးကွက်အဖြစ် သတ်မှတ်ထားရှိကြောင်း။

ထို့အပြင် ဘာသာရေးနယ်ပယ်တွင်လည်း လွှမ်းမိုးမှုများဖြစ်ပေါ်လာပြီး နိုင်ငံအသီးသီး၏ ရိုးရာယဉ်ကျေးမှု၊ ဘာသာရေး ယုံကြည်ကိုးကွယ်မှုအပေါ် ထိခိုက်ကျဆင်းနိုင်သည်ကိုလည်း စိုးရိမ်ပူပန်နေရပြီဖြစ်ကြောင်း။

တေးဂီတဆိုင်ရာတွင် စက်မှုအခြေခံ တေးဂီတထုတ်ကုန်များသည် နိုင်ငံများတွင် နှစ်ပေါင်းများစွာ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရိုးရာဂီတများအပေါ် ရောနှောကူးယူက်နိုင်ကြောင်း။

အထူးသဖြင့် မျိုးဆက်သစ်လူငယ်များအပေါ် လွှမ်းမိုးလာမှုပင်ဖြစ်ကြောင်း၊ ယနေ့လူငယ်အများစုသည် ကျောင်းသင်ခန်းစာ ဘာသာရပ်ထက် သိပ္ပံဆန်းကြယ်ဇာတ်လမ်းမျိုးကို ပိုမိုနှစ်သက်ကြကြောင်း၊ ဘာသာရေးဆိုင်ရာ သင်ကြားလေ့လာခြင်းထက် မြူးကြွသော တေးဂီတကို ပိုမိုခံစားလိုကြကြောင်း။

ယနေ့ ပေါ်ပေါက်လာသည့် ဂြိုဟ်တု၊ တီဗွီများကြောင့် အနောက်တိုင်းယဉ်ကျေးမှုများသည် ကမ္ဘာ့လူဦးရေ၏ ၇၅ရာခိုင်နှုန်းခန့်ထံသို့ ရောက်ရှိပျံ့နှံ့လျက်ရှိနေကြောင်း။

ထိုကဲ့သို့ ဖြစ်ရပ်များသည် နိုင်ငံများ၏ သမိုင်းစဉ်ဆက် ယဉ်ကျေးမှု၊ မျိုးချစ်စိတ်ဓာတ်၊ ရိုးရာဓလေ့ထုံးစံများအပေါ် လွှမ်းမိုးလာနိုင်သည့် စိန်ခေါ်မှုများဖြစ်နေကြောင်း။

နိုင်ငံအသီးသီး၏ ယဉ်ကျေးမှုဆိုသည်မှာ အဆိုပါနိုင်ငံများ၏ အတိတ်နှင့် ပစ္စုပ္ပန်ကာလများတွင် ပြုစုပျိုးထောင်ခဲ့သည့် အတွေ့အကြုံများပင်ဖြစ်ကြောင်း။

မိမိတို့၏ ယဉ်ကျေးမှုဆိုသည်မှာလည်း မိမိတို့၏ လူမှုပတ်ဝန်းကျင်၌ လိုက်လျောညီထွေ ဆက်ဆံနေထိုင်နိုင်ရေးအတွက် မိမိတို့ လူမျိုးများ ပြုစုပျိုးထောင်ထားသည့် စည်းကမ်း၊ ဥပဒေ၊ ထုံးတမ်းစဉ်လာ၊ အမူအကျင့်နှင့် အဆင့်ဆင့် ထိန်းသိမ်းလက်ခံခဲ့သည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေ့အကြုံ၊ အတွေးအခေါ်၊ အယူအဆများပင်ဖြစ်ကြောင်း။

အချုပ်အားဖြင့် မြန်မာ့ယဉ်ကျေးမှုဆိုသည်မှာ မြန်မာလူမျိုးတို့၏ ဘဝပုံစံဟု ခေါ်ဆိုနိုင်ကြောင်း။

၁၉၉၃ ခုနှစ်ကစပြီး နှစ်စဉ်ကျင်းပခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲသည်လည်း မြန်မာလူမျိုးတို့၏ ဘဝပုံစံအစိတ်အပိုင်းတစ်ရပ်ပင်ဖြစ်ကြောင်း။

ဤသည်တို့ရေရှည်တည်တံ့နိုင်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်နေခြင်းလည်းဖြစ်ကြောင်း၊ ယနေ့ကြွရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံး ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတာဝန်ကို ထမ်းဆောင်ခွင့်ရရှိနေခြင်းဖြစ်၍ တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ကြပါဟု တိုက်တွန်းလိုကြောင်း။

ယခုနှစ် ဇာတ်တော်ကြီးပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးနှင့် ရုပ်သေးပညာရှင်အဆင့် ပြိုင်ပွဲတွင် သဒ္ဒါသုမနဇာတ်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ အဆိုနှင့် အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရမည့် တေးသီချင်းများကိုလည်း သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းများက ပြိုင်ပွဲဝင်များအားလုံး တစ်ပြေးညီ လေ့ကျင့်ချိန်ရစေရန် ကြိုတင်ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ ထို့အပြင် ဩဂုတ် ၁၀ ရက်မှစပြီး နေ့စဉ်ထုတ် သတင်းစာများတွင်လည်း ဖော်ပြနေပြီဖြစ်ကြောင်း၊ နောင်နှစ်ပြိုင်ပွဲတွင် အမျိုးသမီးအိုးစည်၊ ဒိုးပတ်ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ယခုနှစ်တွင် ဖိတ်ခေါ်လက်စွမ်းပြတီးခတ်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ဇာတ်သဘင်နှင့် ရုပ်သေးအဖွဲ့များကိုလည်း ပိုမိုတိုးတက်ယှဉ်ပြိုင်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်နယ်နှင့်တိုင်းများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အခွင့်အလမ်းများရှိနေသကဲ့သို့ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ပြီး တိတိကျကျလုပ်ဆောင်ကြရန် အရေးကြီးကြောင်း။

ယခုနှစ်ပြိုင်ပွဲသည် နေပြည်တော်၌ ပထမဦးဆုံးကျင်းပသည့် ပြိုင်ပွဲဖြစ်သည့်အတွက် ပြိုင်ပွဲမစတင်မီ ကြိုတင်စီမံထားရမည့်လုပ်ငန်းများ၊ ပြိုင်ပွဲဝင်များရောက်ရှိသည့်အခါ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် သက်သာချောင်ချိရေးကိစ္စများပါ ကြိုတင်စဉ်းစား စီမံဆောင်ရွက်သွားရမည်ဖြစ်၍ မိမိတို့ကော်မတီ၊ ဆပ်ကော်မတီများအလိုက် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးဆောင်ရွက်သွားကြပါဟု တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ အဓိက အနှစ်သာရသည် စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်ဖြစ်ကြောင်းကို အလေးအနက်ထားပြောကြားလိုကြောင်း၊ ပြည်နယ်နှင့်တိုင်း အသီးသီးမှ ကိုယ်စားလှယ်များအနေဖြင့် ပြိုင်ပွဲကြီး၏ ဦးတည်ချက်(၇)ရပ်ကို သမိုင်းနောက်ခံနှင့်တကွ ခြေခြေမြစ်မြစ် နားလည်သဘောပေါက်ပြီး မိမိတို့ ပြည်နယ်နှင့် တိုင်းများ၌ ပြိုင်ပွဲများကျင်းပရာတွင်လည်း ထိုဦးတည်ချက်များကို ဖော်ဆောင်ရန် လိုကြောင်း၊ ဦးတည်ချက်လွဲမှားသွားပါက ပြောင်းပြန်အကျိုးသက်ရောက်မှုများဖြစ်ပေါ်ပြီး အနာဂတ်အတွက် ဆိုးကျိုးများကို ဖော်ဆောင်ရာရောက်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပရခြင်းသည် ပြိုင်ပွဲသက်သက်မဟုတ်ဘဲ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်နယ်နှင့်လူမျိုးအတွက် အရေးကြီးကြောင်း၊ ပြိုင်ပွဲများ ကျင်းပရာတွင် သာမန်လုပ်ဆောင်မှုမျိုး မဆောင်ရွက်ကြဘဲ အနာဂတ်အတွက်ပါ မျှော်တွေးလုပ်ဆောင်သွားကြရန်လိုကြောင်း၊ ပြိုင်ပွဲများ၌ တာဝန်ယူဆောင်ရွက်နေကြသည့် အနုပညာရှင်များသည် လုပ်ငန်းအတွေ့အကြုံရှိသူများဖြစ်သည်နှင့်အညီ အသွင်သဏ္ဌာန်ရော အနှစ်သာရ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပါ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ကြပြီး ပြည်သူအကြားတွင် စိမ့်ဝင်ပျံ့နှံ့အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ဆောင်ရွက်ပြီး ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်းက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့၊ ဇာတ်သဘင်အကဲဖြတ်လုပ်ငန်းအဖွဲ့နှင့် ရုပ်သေးအကဲဖြတ် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများက သက်ဆိုင်ရာ ဘာသာရပ်အလိုက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များက ပြည်နယ်နှင့်တိုင်းအလိုက် ပြိုင်ပွဲဝင်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ကော်မတီနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများက မိမိတို့ဆပ်ကော်မတီအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ဦးတည်ချက်

(၁) မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရန်

(၂) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်

(၄) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်

(၅) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်

(၆) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်

(၇) စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမို ရှင်သန်ခိုင်မာစေရန်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၈-၂၀၀၆

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ

၈း၁၀ ၆။ အတီးပြိုင်ပွဲ

၈း၂၀ ၇။ ပန်းလိုင်တံတား

၈း၃၀ ၈။ International News.

၈း၄၅ ၉။ Say it in English.

၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး

၁၁း၁၀ ၂။ တေးဂီတအစီအစဉ်

၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁း၃၅ ၄။ Yan Can Cook.

၁၂း၀၀ ၅။ **မြန်မာရုပ်ရှင် "သြော် မိန်းမ မိန်းမ" (ညွန့်ဝင်း၊ ချိုပြုံး) (ဒါရိုက်တာ–ဦးသုခ)**

၂း၂၅ ၆။ မျှော်လင့်ခြင်းများစွာ–––၏ ရင်ခုန်သံ(၂)

၂း၃၅ ၇။ **"ဆွေမျိုးတော်ပေမယ့်" (ဒုရဲမှူးတင်လင်း၊ ဆောင်းအိမ်ဦးထွန်း၊ ဗေဒါ) (ဒါရိုက်တာ–သက်တင်)**

၂း၄၅ ၈။ International News.

၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ English for Everyday Use.

၄း၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး

၅း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)

၅း၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက

၅း၃၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်

၆း၀၀ ၈။ ညနေခင်းသတင်း

၆း၃၀ ၉။ မိုးလေဝသအခြေအနေ

၆း၃၅ ၁၀။ သီရိဂေဟာ

၇း၀၀ ၁၁။ Discovery.

၇း၁၅ ၁၂။ အကပြိုင်ပွဲ

၇း၃၀ ၁၃။ **၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (ဝါသနာရှင်အဆင့်) (အမျိုးသား)**

၇း၄၅ ၁၄။ အရေးပြိုင်ပွဲ

၈း၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာပန်းတိုင်" (အပိုင်း–၁၂)**

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လျှပ်စစ်မီတာအလုပ်ရုံ ကြည့်ရှုစစ်ဆေး အရည်အသွေးပြည့်မီသည့် လျှပ်စစ်မီတာများ ထုတ်လုပ်ရေးမှာကြား

ရန်ကုန် ဩဂုတ် ၁၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ အရာထမ်းများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဝန်ကြီးက မှာကြားရာတွင် လျှပ်စစ်စွမ်းပကားဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကိုအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန နှစ်ခု သီးခြားခွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်အားဖြန့်ဖြူးမှု အပိုင်းတွင် Technical ပိုင်းနှင့် Non-Technical ပိုင်းအရ လေလွင့်မှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ကြရန်တို့ကို အသေးစိတ် ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တောင်ဒဂုံမြို့နယ် စက်မှုဇုန်(၁)ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှု စက်ရုံရှိ အိမ်သုံးလျှပ်စစ်မီတာထုတ်လုပ်ရေး အလုပ်ရုံသို့ ရောက်ရှိလာရာ အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာ ဒေါ်လဲ့လဲ့ဝင်းက အိမ်သုံးလျှပ်စစ်မီတာ အမျိုးအစားနှင့် ပတ်သက်သည့် စက်မှုဆိုင်ရာ အချက်အလက်များ၊ နှစ်အလိုက်မီတာထုတ်လုပ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စီမံကိန်းညွှန်ကြားရေးမှူး ဦးဝင်းတင့်က အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ လျှပ်စစ်မီတာအလုပ်ရုံ (ဆင်တဲ)မှတစ်နှစ်လျှင် မီတာအလုံးရေ ၅၀၀၀၀၀ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်မီတာအလုပ်ရုံ (တောင်ဒဂုံ)၌လည်း ပိုမိုကြံ့ခိုင်ကောင်းမွန်သော မီတာများကို ထုတ်လုပ်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ထို့နောက် ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အင်ဂျင်နီယာချုပ် ဦးထွန်းအေးက အိမ်သုံးလျှပ်စစ်မီတာအလုပ်ရုံသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အရည်အသွေးပြည့်မီသည့် လျှပ်စစ်မီတာများကို များများထုတ်လုပ်ပေးနိုင်ရန် မှာကြားပြီး အိမ်သုံးလျှပ်စစ် မီတာအလုပ်ရုံ (ဆင်တဲ)မှ စမ်းသပ်ထုတ်လုပ်ထားသော အိမ်သုံးမီတာနှင့် လုပ်ငန်းသုံး ပါဝါမီတာ အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့နယ် သီလဝါစက်မှုဇုန်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ)သို့ ရောက်ရှိရာ ရှင်းလင်းခန်းမ၌ ဒုတိယအထွေထွေမန်နေဂျာ ဦးမင်းကြည်က မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ)၏ လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ်က မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(သီလဝါ)သို့ ဓာတ်အားပို့လွှတ်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးက လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းစီစဉ်ပေးပြီး ဆိပ်ကမ်းရှိ ဓာတ်အားခွဲရုံ၊ ကုန်တင်ကုန်ချပြုလုပ်ပေးသော Tower Craine အား ဓာတ်အားပေးထားမှု၊ ကုန်ပစ္စည်းများစစ်ဆေးသည့်စက်များအား ဓာတ်အားပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် ဖခင်ကြီးဦးဖူးညို-မိခင်ကြီးဒေါ်ခင်မြိုင်၊ အစ်မကြီးဒေါ်ပြုံး၊ ဒေါ်မြသန်းတို့အား ရည်စူး၍ ရန်ကုန်တိုင်း၊ ခရမ်းမြို့၊ (၄)ရပ်ကွက် ဗုဒ္ဓဟူးလမ်းနေ မောင်နှမတစ်စုက အလှူတော်ငွေ ကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင် ဆရာတော် အရှင်အာစိဏ္ဏ (သာသနဓဇဓမ္မာစရိယ)ရှေ့မှောက်တွင်ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်ရဟန်းတော်များ အဖွဲ့ပိုင် ကျောင်းဆောင်အတွက် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၈)လမ်းနေ ဖခင်ကြီး ဦးမျိုးမြင့် အမှူးထား၍ သားမောင်ဝင်းဇော်ထွန်း၏ မွေးနေ့အလှူအဖြစ် အမေရိကန်ဒေါ်လာတစ်ရာ လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒက ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ထန်းတပင်မြို့နယ်ရှိ မူလတန်းကျောင်းများသို့ စာသင်ခုံများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဩဂုတ် ၁၇ရက်နံနက်ပိုင်းတွင် ရန်ကုန်တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံများ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး စာသင်ခုံများ လှူဒါန်းသည်။

အခမ်းအနားကို နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့ အခြေခံပညာ အထက်တန်းကျောင်း လှိုင်ရတနာခန်းမ၌ စတင်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ထန်းတပင်မြို့နယ် အတွင်းရှိ ဝါးတစ်ရာအနောက်ဘက်ကမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံ အစုံ ၂၀၊ထိန်းနှစ်ပင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ စာသင်ခုံ အစုံ ၂၀၊ ရေခဲရိုကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ စာသင်ခုံ အစုံ ၂၀၊ တူးချောင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ စာသင်ခုံအစုံ ၂၀၊အေးရွာလေးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ စာသင်ခုံ ၁၀ စုံနှင့် ကလိန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ စာသင်ခုံ ၁၀ စုံတို့ကို ပေးအပ်ရာ အဆိုပါကျောင်းများကိုယ်စားတူးချောင်း ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမောင်လေးက လက်ခံသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ထံသို့ ကျေးရွာများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအသင်းဝင်အဆိုပြုလွှာ စောင်ရေ ၃၈၀ ကို တူးချောင်းကျေးရွာ စည်းရုံးရေးမှူး ဦးစိုးမြင့်က ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်မြို့တော်ဝန်ကလက်ခံသည်။ ယင်းနောက် ထန်းတပင်မြို့နယ် ပညာရေးမှူး ဒေါ်စန်းရင်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ထန်းတပင်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက်စာသင်ခုံများကို ကျောင်းအုပ်ဆရာကြီး ဦးမောင်လေးထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့တော်စည်ပင်)

ဝိပဿနာစေတီတော်အလယ်ဌာပနာတိုက်ပိတ်ပွဲ ကြွရောက် ကြည်ညိုရန် ဖိတ်ကြား

ရန်ကုန် ဩဂုတ် ၁၉

ကမ္ဘာ့ဗုဒ္ဓ ဝိပဿနာ တရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ ဦးစီး၍ အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၌ တည်ဆောက်လျက်ရှိသော ကမ္ဘာ့အကြီးဆုံးလိုဏ်ဂူဝိပဿနာ စေတီတော်ကြီး၏ အလယ်ဌာပနာ တိုက်ပိတ်ပွဲကို အောက်တိုဘာ ၂၉ရက်တွင် ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုလိုသူ နိုင်ငံကူး လက်မှတ်လက်ဝယ် မရှိသေးသူများသည် ဩဂုတ် ၃၁ရက်နောက်ဆုံးထား၍ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့ အမှတ်(၇၇) ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၄၅၃၂၇၊ ၂၄၅၂၀၁၊၂၅၃၆၀၁ တို့သို့ ဆက်သွယ်ကြရန် ဖိတ်ကြားထားကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)



အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ် ကျင်းပမြဲဖြစ်သော အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၃၊၂၄၊၂၅ ရက်တို့တွင် ခွင့်ပြုထားသော စာဖြေဌာနများ၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲများကို အစိုးရပထမငယ်တန်း (သို့မဟုတ်) ၎င်းနှင့် အလားတူစာမေးပွဲ အောင်မြင်ခြင်း မရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ (ရိုးရိုး)အောင်မြင်ပြီးသူများသည် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲ ကိုအစိုးရ ပထမကြီးတန်း၊ ဓမ္မာစရိယတန်း (သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲများ အောင်မြင်ခြင်း မရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်လုံးဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများ အနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဝင်ခွင့် တောင်းလွှာများနှင့် ကြေညာချက်များကို သက်ဆိုင်ရာ စာဖြေဌာနများ တည်ရှိရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများသို့ ပေးပို့ထားပြီးဖြစ်၍ ဖြေဆိုလိုသည့် ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအင်ဖိုတက်မှ အင်တာနက်စင်တာဖွင့်

ရန်ကုန် ဩဂုတ် ၁၉

အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အများပြည်သူတို့ အင်တာနက် အသုံးပြု၍ရသည့် Myanmar Info-Tech ၏ Public Acess Center ဖြစ်သည့် Cyber Friends ကို ဩဂုတ် ၁၃ ရက်က အမှတ်(၄၈) ဓမ္မဝိဟာရလမ်း ကျောက်မြောင်း တာမွေမြို့နယ်တွင် ဖွင့်လှစ်သည်။ အဆိုပါ Center တွင် မြန်နှုန်းမြင့်အင်တာနက် သုံးစွဲနိုင်မည်ဖြစ်သည်။ အင်တာနက် အသုံးမပြုတတ်သူများအတွက် အခမဲ့ သင်ကြားပို့ချပေးလျက်ရှိသည်။

(ဝဲပုံ) (မြန်မာအင်ဖိုတက်)

အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေး၊ စည်းကမ်းထိန်းသိမ်းရေး စသော ကိစ္စရပ်များနှင့်ပတ်သက်၍ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူများ လိုက်နာဆောင်ရွက်ရမည့် အချက်များကိုလည်း မိမိတို့ဝန်ကြီးဌာနက ၁၉၉၉ခုနှစ် အောက်တိုဘာ ၄ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁၂၁/၉၉)ဖြင့် ထုတ်ပြန်ထားပြီးဖြစ်၍ လိုက်နာဆောင်ရွက်သွားကြရန်လည်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ စသည့် ကျောက်မျက်ရတနာပင်ရင်းသည် မြန်မာနိုင်ငံဖြစ်သည့်အတွက် ကျောက်မျက်ရတနာ ပင်မဈေးကွက်သည် မြန်မာနိုင်ငံပင် ဖြစ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရန်ကုန်မြို့၏ကျောက်မျက်ရတနာပင်ရင်းဈေးကွက်ကို ကမ္ဘာ့နိုင်ငံအများအပြားမှသိရှိပြီး ဈေးကွက်ကြီးမားကျယ်ပြန့်လာအောင် လုပ်ဆောင်သွားကြရန်၊ ကျောက်မျက်ရတနာလုပ်ငန်းများဥပဒေနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရန်၊ နည်းပညာတိုးတက်ထွန်းကားနေသည့်အချိန်ကာလတွင် ကျောက်မျက်ရတနာကို ကုန်ကြမ်းရောင်းခြင်းထက် ကုန်ချောထုတ်လုပ်ရောင်းချသွားကြရန်၊လက်ဝတ်ရတနာအဖြစ်သာမက စွဲမက်ဖွယ်ရာ အလှအပပစ္စည်းများ၊ ရုပ်တုများ၊ ပန်းချီကားများ၊ အသုံးအဆောင်ပစ္စည်းများကိုလည်း တိုးတက်တီထွင်ထုတ်လုပ်ရောင်းချသွားကြရန်၊ ပြည်ပနိုင်ငံများက ထုတ်လုပ်

ကျောက်မျက်ရတနာများကို စနစ်တကျထုတ်ယူသုံးစွဲမှုမရှိလျှင် သားစဉ်မြေးဆက်တိုင် အကျိုးခံစားခွင့်များ ဆုံးရှုံးသွားမည်

ကျောက်မျက်တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းတွင် နိုင်ငံတော်ကချမှတ်ထားသောမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၉

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့မွန်းလွဲ၂ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအားတွေ့ဆုံ၍ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြားသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဝင်များ၊သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ တာဝန်ရှိသူများ၊အထူးဖိတ်ကြားထားသူများနှင့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင် ၆၆၇ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားရာ၌ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းကို ၁၉၇၆ခုနှစ် ဧပြီ ၁ရက်မှ စတင်ဖွဲ့စည်းခဲ့ပြီး ကျောက်မျက်၊ ကျောက်စိမ်း တူးဖော်ထုတ်လုပ်ရေး၊ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ရေးနှင့် ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံပိုင် ကျောက်မျက်ရတနာများအား နိုင်ငံတော်က အပြည့်အဝရရှိရေးကို ဦးတည်၍ ဌာနကပင် လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

တပ်မတော်အစိုးရက နိုင်ငံတော်၏တာဝန်ကိုရယူပြီးနောက်ပိုင်း မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ၁၉၉၅ခုနှစ် စက်တင်ဘာ ၂၉ရက်တွင်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေများကို ၁၉၉၅ခုနှစ် အောက်တိုဘာ ၄ရက်တွင်လည်းကောင်း ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊ လက်ဝတ်ရတနာအချောထည်ပြုလုပ်ခြင်း၊ ကျောက်မျက်ရတနာရောင်းဝယ်ခြင်း စသည့် လုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်ရန်ခွင့်ပြုပြီး လုပ်ငန်းများ ဆောင်ရွက်စေခဲ့ကြောင်း၊ အလားတူ နိုင်ငံတော်က ဦးစီး၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ် စတင်ကျင်းပခဲ့ပြီး ယခုအချိန်အထိ ရတနာပြပွဲများ (၆၇)ကြိမ် ကျင်းပပေးခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၃ခုနှစ်ကစပြီး ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာကြခြင်းနှင့် ပြပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် အထူးပင်အောင်မြင်လာသည်ကို တွေ့ရမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကျောက်မျက်ရတနာအပါအဝင် သယံဇာတ ပေါကြွယ်ဝသော နိုင်ငံဖြစ်သည့်အတွက် ဤသဘာဝသယံဇာတများကို စနစ်တကျ ထုတ်ယူသုံးစွဲမှသာလျှင် ရေရှည်ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပြီးနိုင်ငံတော်၏ စီးပွားရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ကျောက်မျက်ရတနာများကို စနစ်တကျ ထုတ်ယူသုံးစွဲမှုမရှိလျှင် သားစဉ်မြေးဆက်တိုင် အကျိုးခံစားခွင့်များ ဆုံးရှုံးသွားမည်ဖြစ်ကြောင်း၊ ယင်းကြောင့် ကျောက်မျက်ရတနာများ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်း စသည့်ကိစ္စများတွင် နိုင်ငံတော်က ချမှတ်ပေးထားသော မူဝါဒများ၊ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ကျောက်မျက်ရတနာများပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေးအတွက်လည်း လုပ်ကွက်ဟောင်းများနှင့် သတ်မှတ်လုပ်ကွက်(အသစ်)များ ဖော်ထုတ်လုပ်ကွက်(အသစ်)များကို ဟန်ချက်ညီညီစနစ်တကျ ထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်ပေးနေသည့်အတွက် လုပ်ကွက်များတူဖော်ခွင့်ရရှိသည့်အခါတွင်လည်း ပေးသွင်းရမည့်အဆိုပြုငွေများ သတ်မှတ်ကာလအတွင်းပေးသွင်းရေး၊ တူးဖော်ရရှိသော ကျောက်မျက်ရတနာများကို ရတနာခွန်ပေးဆောင်ရေးနှင့် ကျောက်မျက်ရတနာ ပြပွဲများ၌ မပျက်မကွက် တင်ပြရောင်းချနိုင်ရေးကို ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ၂၀၀၆ခုနှစ် မေ ၂၆ရက်တွင် ၂၀၀၆ ဇွန်၊ဇူလိုင်လ ကျောက်စိမ်း၊ကျောက်မျက်၊ပုလဲ အထူးရောင်းချပွဲကျင်းပမည့် မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိစဉ် ကျောက်စိမ်း၊ကျောက်မျက်ရောင်းချပွဲတွင် နိုင်ငံတော်က ကျောက်စိမ်း၊ကျောက်မျက်လုပ်ကွက်များလုပ်ကိုင်ခွင့် ချထားပေးသော ပုဂ္ဂလိက ကုမ္ပဏီများ၊နိုင်ငံတော်နှင့်အကျိုးတူပူးပေါင်းလုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများ အားလုံးက လာရောက်ပြသရောင်းချနိုင်ရေးကို သတ္တုတွင်းဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်သွားရန်၊ မရောင်းချနိုင်သောကုမ္ပဏီများအနေဖြင့် မည်သည့်အကြောင်းကြောင့် မရောင်းချနိုင်သည်ကို လေ့လာစိစစ်အဖြေရှာ၍ လိုအပ်သည့်ဆောင်ရွက်မှုများပြုလုပ်သွားရန်၊ ကျောက်စိမ်း၊ကျောက်မျက်များကို အချောထည်ပြုလုပ်၍ တင်ပြရောင်းချနိုင်အောင် အားပေးကူညီသွားရန်၊ ကျောက်စိမ်း၊ ကျောက်မျက် အချောထည်များကို နိုင်ငံတကာကုန်စည်ပြပွဲများ (Trade Fair) များတွင် သွားရောက်ရောင်းချနိုင်ရေး စီမံဆောင်ရွက်ပေးရန်နှင့် ပြည်ပသို့သွားရောက်ရောင်းချသည့်ကုမ္ပဏီများ ပြန်ရောက်သည့်အခါတွင်လည်း မည့်သည့်ပစ္စည်းများ အဝယ်လိုက်သည်၊ မည်သည့်ပစ္စည်းများအရောင်းနည်းသည်ကို ပြန်လည်စိစစ် သင်ခန်းစာယူ၍ ပိုမိုရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း။

ယင်းမှာကြားချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်နေသကဲ့သို့ ကျောက်မျက်ရတနာလုပ်ငန်းရှင်များကလည်း အလေးအနက်ထားပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထုတ်လုပ်ရရှိသော ကျောက်စိမ်း၊ ကျောက်မျက်များကို ကျောက်မျက်ရတနာပြပွဲများ၌ တင်ပြရောင်းချခြင်းမရှိသည့် ကုမ္ပဏီများကိုလည်း ကျောက်မျက်လုပ်ကွက်များလုပ်ကိုင်ခွင့် ချထားပေးရာတွင် ဦးစားပေး ဆောင်ရွက်ပေးမည်မဟုတ်သည့်အကြောင်းတို့ကို အသိပေးလိုကြောင်း။

ထို့အပြင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိထားပြီး ကုမ္ပဏီ၊ သမဝါယမအသင်း၊ ပုဂ္ဂိုလ်တို့သည် မိမိတို့ ခွင့်ပြုမိန့်ရရှိထားသော ကျောက်မျက်ရတနာလုပ်ကွက်ကို တရားမဝင် လွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုကြရန် ဖြစ်ကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(င)တွင်လည်း **“ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ငှားရမ်းခြင်း (သို့မဟုတ်) တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုရ”**ဟု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး မိမိတို့ဝန်ကြီးဌာနကလည်း ၁၉၉၉ခုနှစ် အောက်တိုဘာ ၁ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၁၂၃/၉၉)ဖြင့် ထပ်မံထုတ်ပြန်ထားပြီးဖြစ်၍ လိုက်နာဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက်ကိုလည်း ဂရုပြုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်များဖြစ်သည့် သစ်တောများပျက်စီးဆုံးရှုံးခြင်း၊ မြစ်ချောင်းများတိမ်ကောပျက်စီးခြင်းတို့ မဖြစ်စေရေးအတွက် ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အလေးအနက်ထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်သည့်အခါ၌ ဘေးအန္တရာယ် ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုများမဖြစ်ရေး၊ ဝန်ထမ်းများ၊ ရောင်းချနေသော ကျောက်မျက်ရတနာများ၊ အလှအပပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၏ ဈေးကွက်ကို မျက်ခြည်မပြတ်လေ့လာပြီး ပြည်တွင်း ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် အချောထည်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အလေးအနက်ထား ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ ယခင်ကရန်ကုန်မြို့၌လည်း လုပ်ငန်းရှင်ကြီးများနှင့်တစ်နှစ် တစ်ကြိမ် တွေ့ဆုံညှိနှိုင်းခဲ့ကြသည့် အစဉ်အလာရှိခဲ့ကြောင်း၊ ယင်းအစဉ်အလာကို အရှိန်အဟုန်မြှင့်ပြီး နေပြည်တော်၌ အနည်းဆုံးတစ်နှစ်တစ်ကြိမ်တွေ့ဆုံ၍ ရိုးသားပွင့်လင်းစွာဖြင့် အပြန်အလှန် ဆွေးနွေးမေးမြန်းညှိနှိုင်းအဖြေရှာကြကာ နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုး၊ ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများအကျိုးကို မျှမျှတတဟန်ချက်ညီ တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအား လုပ်ကွက်ချထားခြင်း၊ ပြပွဲခင်းကျင်းပြသရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များက မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

အကြံပြု ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များက ပြန်လည်ရှင်းလင်းပြောကြားကြပြီး နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်အား ဩဂုတ် ၁၄ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi ပြည်နယ် China-ASEAN Business and Investment Summit Secretariatမှ ဒါရိုက်တာ Mr. Hu Fuzhang ခေါင်းဆောင်၍ အဖွဲ့ဝင် သုံးဦးတို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးသစ်သို့ လာရောက်တွေ့ဆုံကြပြီး**(ယာပုံ)** Guangxi ပြည်နယ် Nanning မြို့၌ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၃ရက်အထိ ကျင်းပမည့် China-ASEAN Business Summitသို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့အားဦးဆောင်တက်ရောက်ရေးကိစ္စ၊ တက်ရောက်မည့် ကိုယ်စားလှယ်အမည်စာရင်းများကြိုတင်ပေးပို့ရေးကိစ္စ၊ Business Summit အောင်မြင်စွာ ကျင်းပရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးရန် ကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲကို တပ်ကုန်းမြို့နယ် မကျီးပင်စံပြကျေးရွာတွင်ကျင်းပရာ အမျိုးသမီးရေးရာစကားဝိုင်းများစုဖွဲ့၍ ဆွေးနွေးကြစဉ်။(သတင်းစဉ်)

စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် စည်းရုံးအသိပညာပေးဟောပြောဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် တပ်ကုန်းမြို့နယ် မကျီးပင်စံပြကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပရာ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ တပ်ကုန်းမြို့နယ်နှင့် မကျီးပင်စံပြကျေးရွာတို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုစုပေါင်းအင်အား ၃၀၀ခန့် တက်ရောက်ကြသည်။

အဆိုပါ စည်းရုံးအသိပညာပေးဟောပြောဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးက အဖွင့်အမှာစကားနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးအဖွဲ့ခွဲခေါင်းဆောင် ဒေါက်တာဒေါ်ခင်သန်းဦးက HIV/AIDS ရောဂါ တိုက်ဖျက်ရေးနှင့် ကာကွယ်ရန်နည်းလမ်းများကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာန လူကုန်ကူးမှုတားဆီးရေးဗဟိုအဖွဲ့မှ ဒုတိယရဲမှူးဥမ္မာရင်မိက လူမှောင်ခိုကုန်ကူးမှုဆိုင်ရာ အကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများအား အမျိုးသမီးရေးရာ စကားဝိုင်းခုနစ်ဝိုင်းခွဲ၍ ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ပညာပေးဆွေးနွေးချက်များအပေါ် နားလည်သဘောပေါက်မှုကို ဆန်းစစ်ကြပြီး မရှင်းလင်းသည့် မေးမြန်းဆွေးနွေးချက်များကို ရှင်းရှင်းနီးနီး ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

စည်းရုံးအသိပညာပေးဟောပြောဆွေးနွေးပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသော အမျိုးသမီးရေးရာဝတ်စုံများ၊ ဂျာနယ်၊ မဂ္ဂဇင်းအစုံ ၅၀၀နှင့် HIV/AIDS ပညာပေးစာစောင်များကို ပေးအပ်သည်။

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာအစောင် ၁၂၀၀ကို မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်က ပေးအပ်ရာ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွှန့်ညွှန့်ဦးက လက်ခံသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသော အမျိုးသမီးရေးရာဝတ်စုံများ၊ ဂျာနယ်၊မဂ္ဂဇင်းအစုံ ၅၀၀ နှင့် HIV /AIDS ပညာပေးစာစောင်များကို တာဝန်ရှိသူများက တပ်ကုန်းမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့သို့ ပေးအပ်စဉ်။ (သတင်းစဉ်)

ကျောင်းကျန်းမာ ရေးသီတင်းပတ် လှုပ်ရှားမှုအစီအစဉ်အရ ဩဂုတ် ၁၈ရက်က ပုဗ္ဗန်တောင်မြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၆)တွင် စတုတ္ထတန်းကျောင်းသူ မလွင်လွင်တင့်က အာဟာရကြာဆံကြော် ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းနှင့် မြို့နယ်တာဝန်ရှိသူများက ကြီးကြပ်ကျွေးမွေးကြစဉ်။ (ပညာရေး)

ပြည်ပအားကစားသတင်းများ

ချယ်လ်ဆီးအသင်းကျေနပ်ရောင့်ရဲမနေရန် ဖရန့်ခ်လမ်းပတ်က သတိပေးပြောကြား

လန်ဒန် ဩဂုတ် ၁၉

ချယ်လ်ဆီးအသင်းသည် လက်ရှိအခြေအနေအတိုင်းကျေနပ်ရောင့်ရဲမနေသင့်ဟု အင်္ဂလန်ကွင်းလယ်ကစားသမားဖရန့်ခ်လမ်းပတ်က သတိပေးလိုက်ကြောင်း ဩဂုတ် ၁၉ရက် အင်တာနက်သတင်းတွင်ဖော်ပြထားသည်။

၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီ အဖွင့်ပွဲစဉ်အရ ချယ်လ်ဆီးအသင်းသည် မန်ချက်စတာစီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရန် ရှိနေစဉ် လမ်းပတ်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ဘောလုံးရာသီ အစပိုင်းရက်သတ္တပတ်များအတွင်းမှာပင် ချယ်လ်ဆီးအသင်းသည် ပြိုင်ဘက်အသင်းများ၏ စိန်ခေါ်မှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း မန်နေဂျာဟိုဆေးမော်ရင်ညိုနည်းတူ လမ်းပတ်က သတိပေးသည်။

အင်တာနက်



ချယ်လ်ဆီးအသင်း၏ လေ့ကျင့်ရေးကွင်းတွင် လက်မှတ် ရေးထိုးပေးနေသူ ဖရန့်ခ်လမ်းပတ်။ (ဓာတ်ပုံ–အင်တာနက်)

အင်္ဂလန်ကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်။ (ဓာတ်ပုံ–အင်တာနက်)

အိုဝင် ဟားဂရေ့ဗ်အားခေါ်ယူနိုင်ရေး မန်ချက်စတာယူနိုက်တက် ကြိုးပမ်းနေ

မန်ချက်စတာ ဩဂုတ် ၁၉

အင်္ဂလန်ကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်အား ရောင်းချရန် ဘေယန်မြူးနစ်အသင်းကို ဖျောင်းဖျနိုင်မည်ဟု မိမိတို့မျှော်လင့်ကြောင်း မန်ချက်စတာယူနိုက်တက် မန်နေဂျာအလက်စ်ဖာဂူဆန်က သောကြာနေ့က ပြောကြားသည်။

ဂျာမနီချန်ပီယံ ဘေယန်မြူးနစ်အသင်းသည် ဟာအိုဝင်ဟားရေ့ဗ်အား ရောင်းချလိုခြင်းမရှိပေ။ သို့ရာတွင် ဟားရေ့ဗ်ကိုယ်တိုင်က မန်ချက်စတာယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ရန် စိတ်အားထက်သန်မှုရှိနေရာ အသင်းပြောင်းရွှေ့ရေး သဘောတူညီချက်တစ်ရပ်ရရှိရေးအတွက် ဖာဂူဆန်က ကြိုးပမ်းနေခြင်းဖြစ်သည်။

အင်တာနက်

ဒတ်ချ်ဘောလုံးသမားဘူလာရူးဇ် ချယ်လ်ဆီးအသင်းသို့ ရောက်မည်

လန်ဒန် ဩဂုတ် ၁၉

ဒတ်ချ်လူမျိုးလက်ရွေးစင်ဘောလုံးသမား ခါလစ်ဘူလာရူးဇ်အား ခေါ်ယူရန် ချယ်လ်ဆီးအသင်းနှင့် ဂျာမနီနိုင်ငံမှ ဟမ်းဘတ်အက်စ်ဗွီဘောလုံးအသင်းတို့ သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ပရီးမီးယားလိဂ်ချန်ပီယံ ချယ်လ်ဆီး၏ အင်တာနက် ဝက်ဘ်ဆိုက်တွင် ဩဂုတ် ၁၉ရက်က ဖော်ပြထားသည်။

နောက်တန်းကစားသမား ဘူလာရူးဇ်သည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်သည့် နယ်သာလန်အသင်း၏ အသင်းဝင်တစ်ဦးဖြစ်ပြီး ချယ်လ်ဆီးအသင်းနှင့် သဘောတူညီချက်လက်မှတ်ရေးထိုးရန်နှင့် ကျန်းမာရေးစစ်ဆေးမှုခံယူရန် လန်ဒန်သို့ ရောက်ရှိလာတော့မည်ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဘူလာရူးဇ်သည် ၂၀၀၄ခုနှစ် ဩဂုတ်လတွင် အာရ်ကေစီ ဝယ်လ်လစ်ဂ် အသင်းမှ ဟမ်းဘတ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ဘူလာရူးဇ်သည် ယင်းနှစ် စက်တင်ဘာလမှာပင် ပထမဆုံးအကြိမ် နိုင်ငံ့ကိုယ်စားပြု ဘောလုံးသမားတစ်ဦးအဖြစ် ပါဝင်ကစားခဲ့သည်။ **အင်တာနက်။**

ဒတ်ချ်ဘောလုံးသမား ခါလစ် ဘူလာရူးဇ်(ယာ)။ (ဓာတ်ပုံ–အင်တာနက်)

ဂျူဗင်တပ်စ်အသင်း အယူခံမှု ပယ်ချခံရ

ရောမ ဩဂုတ် ၁၉

အီတလီစီးရီးဘီသို့ အတန်းချခံခဲ့ရမှုနှင့် ပတ်သက်၍ ဂျူဗင်တပ်စ်အသင်းက အီတလီဘောလုံးအဖွဲ့ချုပ် အာဏာပိုင်များထံ အယူခံဝင်ခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း ဩဂုတ် ၁၉ရက် အင်တာနက်သတင်း၌ ဖော်ပြထားသည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တွင် အီတလီလက်ရွေးစင်အသင်း အောင်ပွဲခံနိုင်သည့်ဖြစ်ရပ် မတိုင်မီမှာပင် အီတလီနိုင်ငံ၏ ဘောလုံးလောက အတွင်း၌ လုပ်ပွဲများကစားမှု အရှုပ်တော်ပုံ ပေါ်ပေါက်ခဲ့သည်။

အီတလီ ဘောလုံးအဖွဲ့ချုပ်သည် အမျိုးသားအိုလံပစ်ကော်မတီနှင့်အတူ အယူခံလွှာများကို စိစစ်ခဲ့ပြီး ဂျူဗင်တပ်စ်အသင်းကို ခေါ်ယူတွေ့ဆုံခဲ့ရာ၌ ယင်းအသင်း၏ တင်ပြလွှာကို လက်ခံခြင်းမရှိကြောင်း အသင်းဥက္ကဋ္ဌ ဂီယိုဗန်နီက ပြောကြားသည်။

အင်တာနက်

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်တွင် နေရာချထားမည့် မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများအတွက် လျှောက်လွှာခေါ်ယူခြင်း

မြို့ကွက်သစ်

၁။ နေပြည်တော်တွင် မြေကွက် ၄၀၀၀ စီပါရှိသော မြို့ကွက်သစ်နှစ်နေရာအား အောက်ဖော်ပြပါ အချက်အလက်များဖြင့် ဖော်ထုတ်သွားပါမည်–

(က) **မြေကွက်အရွယ်အစား** ။ ပေ ၁၂၀ x ပေ ၁၂၀ မြေကွက်၊ ပေ ၁၀၀ x ပေ ၁၀၀ မြေကွက်၊ ပေ ၈၀ x ပေ ၈၀ မြေကွက်၊

(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်။

(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေးနှင့် ရေစီးရေလာ စနစ်များ ဆောင်ရွက်ပေးမည်။

(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံအစရှိသည့် လူမှုရေးအဆောက်အအုံများ ပါဝင်မည်။

၂။ မြေကွက်လျှောက်ထားသူသည် အောက်ပါအချက်အလက်များအတိုင်း လိုက်နာရပါမည်–

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် သတ်မှတ်တန်ဖိုးကို ပေးသွင်းရမည်။

(ခ) အမှန်တကယ် နေထိုင်ရန် လိုအပ်ပါက မြေကွက် နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။

(ဂ) အမှန်တကယ် နေထိုင်သူများ ဖြစ်ရမည်။

(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာ ဖြစ်သဖြင့် မည်သည့် စီးပွားရေး လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမပြုရ။

(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ် သို့မဟုတ် နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်၊ တစ်လုံးထက်ပို၍ ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ဆောက်လုပ်ခြင်းအား ခွင့်မပြု။

(စ) ဆောက်လုပ်ပြီး အိမ်အစား အသစ်ထပ်မံဆောက်လုပ်လိုပါက လက်ရှိအိမ်အား ဖျက်သိမ်း၍ သတ်မှတ်ပေးထားသည့်အိမ်ပုံစံများအနက် နှစ်သက်ရာကို ရွေးချယ် ဆောက်လုပ်ခွင့် တင်ပြဆောင်ရွက်နိုင်ပါသည်။

(ဆ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်၊ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသော အိမ်ပုံစံကို ကော်မတီသို့ တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။

(ဇ) နေရာချထားပေးပြီး အနည်းဆုံး သုံးလအတွင်း အဆောက်အဦ စတင် ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့်လျော်ကြေးမှမပေးဘဲ ပြန်လည်သိမ်းယူမည်။

(ည) အဆောက်အဦ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချမည် ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်း ရောင်းချခွင့်ပြုမည်၊ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

အဆင့်မြင့်ဈေး

၃။ နေပြည်တော်တွင် ဖွင့်လှစ်မည့် Shopping Complex တွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီသော ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခွင့်ပြုပါမည်–

(က) စားသောက်ဆိုင်များ (မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ အိန္ဒိယအစားအစာ၊ လက်ဖက်ရည်ဆိုင်၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒံပေါက်၊ ချစ်တီးထမင်း၊ အအေးဆိုင်စသည်ဖြင့်)။

(ခ) ဆေးပစ္စည်းအရောင်းဆိုင်များ(ဆေးခန်း၊ ဓာတ်ခွဲခန်းလုပ်ငန်းများမပါ)။

(ဂ) အမျိုးသား/ အမျိုးသမီးအလှပြင်ဆိုင်များ(အနှိပ်/အကြောပြင်ခန်းများမပါ)။

(ဃ) အပ်ချုပ်ဆိုင်။

(င) အဆင့်မြင့်မူလတန်းကြိုကျောင်း။

(စ) Electronics ပစ္စည်းအရောင်းဆိုင်များ (Services Centre တွဲလျက်)၊ (Training Centre ခွင့်မပြုပါ)။

၄။ အထက်ဖော်ပြပါ Shopping Complex အတွင်း ဆိုင်ခန်းတစ်ခန်းလျှင် ပေ ၁၀၀ x ပေ ၂၀၀ အကျယ် မြေကွက်များ ခွင့်ပြုပေးမည်။

၅။ အဆိုပါ သတ်မှတ်မြေကွက်အတွင်း ရှေ့ပိုင်း ပေ ၇၀ x ပေ၁၀၀တွင် သတ်မှတ်ပေးထားသည့် ပုံစံအတိုင်း တစ်ထပ်ဆိုင်ခန်းဆောက်လုပ်ရန်နှင့် နောက်ပိုင်း ပေ ၁၀၀ x ပေ ၁၀၀ တွင် အလုပ်သမားများ နေထိုင်ရန် စတိုများအား အများဆုံးနှစ်ထပ်အထိသာ ဆောက်လုပ်ရန် ခွင့်ပြုမည်။ ဆောက်လုပ်မည့်ပုံစံအား တင်ပြအတည်ပြုချက်ရယူဆောက်လုပ်ရမည်။

၆။ ဈေးဆိုင်ခန်း ဆောက်လုပ်ရောင်းချခွင့် ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်၊ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်း မပြုရ။

၇။ လုပ်ငန်းဆက်လက်မလုပ်နိုင်ပါက မြေနှင့်အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၈။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်ရမည်–

(က) လုပ်ငန်းကို ရင်းနှီးမြှုပ်နှံနိုင်သည့် ခိုင်မာသောငွေကြေးအင်အားရှိမှုအခြေအနေအား အောက်ပါဌာနများ၏ ထောက်ခံချက်နှင့်အတူ တင်ပြရမည်–

(၁) လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားနှင့် တူညီသည့် လက်ရှိ ဆောင်ရွက်နေသော လုပ်ငန်းပမာဏ အခြေအနေနှင့် ပတ်သက်၍ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက် (လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရမည်)။

(၂) အထက်အပိုဒ်ခွဲငယ်(၁)ပါ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအတွက် ငွေကြေးလုံလောက်မှုအခြေအနေနှင့်ပတ်သက်၍ သက်ဆိုင်ရာဘဏ်၏ အာမခံချက်နှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်မှုအထောက်အထား။

(ခ) လျှောက်ထားသူသည် ယခင်ကတည်းက လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအား စဉ်ဆက်မပြတ် ဆောင်ရွက်လာခဲ့သူဖြစ်ပြီး ထိုလုပ်ငန်းကိုပင် ဆက်လက်တိုးချဲ့လုပ်ကိုင်ရန် ရည်ရွယ်ထားသူဖြစ်ရမည်။

(ဂ) အဆောက်အဦဆောက်လုပ်ပြီး လုပ်ငန်းစတင်လုပ်ကိုင်သည်နှင့် မြေပိုင်ဆိုင်မှု အဖြစ် နှစ်(၃၀)မြေငှားဂရန်ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ် အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်း ရောင်းချမည်ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့် ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့်ယာဉ်ပြင်အလုပ်ရုံများ

၉။ နေပြည်တော်တွင် ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများကို အောက်ပါလုပ်ငန်း ဆောင်ရွက်လိုသူများသည် ဝယ်ယူရန် လျှောက်ထားနိုင်ပါသည်–

(က) လက်ရှိပွဲရုံလုပ်ငန်းလုပ်ကိုင်နေသူများ(အထောက်အထားပူးတွဲလျက်)။

(ခ) လက်ရှိပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းများ။

(ဂ) လက်ရှိ လုပ်ကိုင်နေသော ယာဉ်ပြင်အလုပ်ရုံများ။

၁၀။ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများတွင် လျှပ်စစ်မီး၊ ရေ၊ ဆက်သွယ်ရေး၊ ကွန်ကရစ်လမ်းနှင့် ရေစီးရေလာစနစ်များအပြည့်အစုံဖြင့် ဆောက်လုပ်ပေးမည်။

၁၁။ အဆောက်အဦကို သတ်မှတ်ပေးသည့်ပုံစံအတိုင်း မိမိအစီအစဉ်ဖြင့်ဆောက်လုပ်ရမည်။

၁၂။ မြေကွက်ဖော်ထုတ်မှု ကုန်ကျစရိတ်များကို ဝယ်ယူသူများမှ ပေးချေရမည်။

၁၃။ အဆောက်အဦကို သုံးလအတွင်း ဆောက်လုပ်ရန်နှင့် လုပ်ငန်းဆက်လက် မလုပ်နိုင်ပါက မြေနှင့် အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၁၄။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်။ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်းမပြုရ။

စည်းကမ်းချက်များ

၁၅။ အထက်ဖော်ပြပါ မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများ ဝယ်ယူရန် လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူ ဖြစ်ရပါမည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရားဥပဒေဘောင် ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်း တစ်ခုခု ဖြစ်စေ၊ အဖွဲ့အစည်းများနှင့် ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ။

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ခဲ့ဖူးသူ သော်လည်းကောင်း၊ ကျူးလွန်ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူ သော်လည်းကောင်း မဖြစ်စေရ။

၁၆။ လျှောက်ထားရန် စိတ်ပါဝင်စားသူများသည် လျှောက်လွှာကို **နေပြည်တော် စည်ပင်သာယာရေး ကော်မတီရုံး သို့မဟုတ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နေပြည်တော်** သို့ ဆက်သွယ် စုံစမ်း လျှောက်ထားနိုင်ပါသည်။

၁၇။ **ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတော်က သတ်မှတ်ခွင့်ပြုပေးထားသော အသင်းများအတွက်** မြို့ကွက်သစ်များတွင် သီးသန့်နေရာချထားပေးမည် ဖြစ်သဖြင့် အဖွဲ့အစည်းများနှင့် အသင်းများသည် **အထက်အပိုဒ် (၁၆) ပါ လိပ်စာများ** သို့ လာရောက် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ

စုံစမ်းရန် ဖုန်းနံပါတ်များ။ ၀၆၇၄၀၉၃၂၀၊ ၀၆၇၄၁၄၂၀၂၊၀၆၇၄၁၄၂၀၄၊ ၀၆၇၄၁၄၂၈၉၊ ၀၆၇၄၁၄၂၉၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဟန်ဂေရီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၀၆ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဟန်ဂေရီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖဲရဲန်၊ ဂျူချာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယခု (၁၄)ကြိမ်မြောက်ရောက်ရှိ ယခုနှစ်မှစ၍ နေပြည်တော်၌ ဗိုမိုစည်ကားသိုက်မြိုက်စွာဖြင့် စနစ်တကျကျင်းပသွားမည်

ပြည်နယ်နှင့်တိုင်းများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အခွင့်အလမ်းများရှိသကဲ့သို့ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာပြီး တိတိကျကျလုပ်ဆောင်

နေပြည်တော် ဩဂုတ် ၁၉

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြည်နယ်နှင့်တိုင်း ကိုယ်စားလှယ်များပါဝင်သော ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ *

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြည်နယ်နှင့်တိုင်း ကိုယ်စားလှယ်များပါဝင်သော ညှိနှိုင်းအစည်းအဝေးတွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror — အင်တာနက် ကျန်းမာရေး သတင်း

ဟော့ဒေါ့ အသားညှပ်မုန့်စားလျှင် အူမကင်ဆာရောဂါ ရနိုင်စရာရှိဟုဆို

အိုမာဟာ(နီဘရာစကာ) ဩဂုတ် ၁၉

နီဘရာစကာဆေးပညာတက္ကသိုလ်မှ ပညာရှင် ဆစ်ဒနီမားဗစ်နှင့် ပညာရှင်များသည် ဟော့ဒေါ့ခေါ် အသားညှပ်ပေါင်မုန့်နှင့် ကျန်းမာရေး အခြေအနေဆက်စပ်မှုကို လေ့လာကြရာတွင် ယင်းအသားညှပ်မုန့်သည် အူမကင်ဆာရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ကြသည်ဟု ဆိုသည်။

ဟော့ဒေါ့ကို ပြုလုပ်ရာတွင် ဆိုဒီယမ်နိုက်ထရိတ်ခေါ် ယမ်းစိမ်းကို တစ်နည်းတစ်ဖုံ အသုံးပြုရသည်။ ယင်းဓာတ်ပစ္စည်းသည် ကင်ဆာရောဂါကို ဖြစ်ပွားစေတတ်သော အင်-နိုက်ထရိုဆို ဓာတ်ပေါင်းများ ဖြစ်ပေါ်မှုကို အထောက်အကူဖြစ်စေသည်။



စားသောက်ဆိုင်တွင် တည်ခင်းထားသော ဟော့ဒေါ့အသားညှပ်မုန့် တစ်ပွဲကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဓာတ်ခွဲခန်း၌ သတ္တဝါငယ်ကလေးများအား အင်-နိုက်ထရိုဆို ဓာတ်ပေါင်းများပေး၍ စမ်းသပ်ကြည့်ရာ ထိုသတ္တဝါငယ်ကလေးများတွင် ကင်ဆာရောဂါဖြစ်ပေါ်လာသည်ကိုတွေ့ရှိရသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ●

ကြေးမုံ The Mirror — ဆောင်းပါးအညွှန်း

မြန်မာ့တိုင်းရင်းဆေးပညာဟူသည် "နွယ်မြက်သစ်ပင် ဆေးဖက်ဝင်"ဟူသော စကားနှင့်အညီ သစ်ပင်တို့၏ အသီး၊ အရွက်၊ အမြစ်၊ အခေါက်၊ ပင်စည် ပဉ္စငါးပါးတို့ကို အမှုန့်ပြုအဆီစကာ ကတိသစ္စာကိုအရင်းတည်လျက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ရောဂါဘေးကျရောက်သူတို့ကို စေတနာ၊ မေတ္တာဖြင့် ကယ်တင်လျက်ရှိသော မြန်မာ့သမားတော်တို့၏ နည်းပညာတစ်ရပ်ပင်ဖြစ်ပါသည်။

အောင်ကျော်ဆန်း(MRCS)၏ **"မြန်မာ့တိုင်းရင်းဆေးအကြောင်း တစေ့တစောင်း"** (ဆောင်းပါး) စာမျက်နှာ-၃